
# မြတ်ငြိမ်း

## ဘုံတစ်ကွေ့မှာ ဆုံတွေ့ရသူများ

သူပြန်ပြောပြမည့်မှာ လူတစ်ဦးတစ်ယောက်က
အခြားတစ်ယောက်အပေါ် အကျိုးသက်ရောက်စေကြောင်း၊
ထိုအခြားတစ်ယောက်က နောက်ထပ်အခြားတစ်ယောက်ကို
အကျိုးသက်ရောက်စေကြောင်း၊ သို့ဖြင့်...

**THE FIVE PEOPLE YOU MEET IN HEAVEN**

**MITCH ALBOM**



mgyoe.com

mgyoe.com

ကမ္ဘာလောကကြီးတွင် ဇာတ်လမ်းတွေ ပြည့်နှက်နေပြီး
ဇာတ်လမ်းအားလုံးသည် ဇာတ်လမ်းတစ်ခုတည်းတွင်
အကြုံးဝင်နေကြောင်း

# မြှတ်ငြိမ်း

# ဘုံတစ်ကျွေ့မှာ ဆုံတွေ့ရသူများ

သူပြန်ပြောပြမည်မှာ လူတစ်ဦးတစ်ယောက်က
အခြားတစ်ယောက်အပေါ် အကျိုးသက်ရောက်စေကြောင်း၊
ထိုအခြားတစ်ယောက်က နောက်ထပ်အခြားတစ်ယောက်ကို
အကျိုးသက်ရောက်စေကြောင်း၊ သို့ဖြင့်...

**THE FIVE PEOPLE YOU MEET IN HEAVEN**

**MITCH ALBOM**



MN0020
3,000.00 KS

mgyoe.com

mgyoe.com

ဘုံတစ်ကွေ့မှာဆုံတွေ့ရသူများ။ မြတ်ငြိမ်း
စာမျက်နှာ ၂၉၅ မျက်နှာ၊ ၁၆ စင်တီ x ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇ ဆွေမွန်စာအုပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘုံတစ်ကွေ့မှာ ဆုံတွေ့ရသူများ

# THE FIVE PEOPLE YOU MEET IN HEAVEN

**Mitch Albom**

မြတ်ငြိမ်း

မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏အမှာ

ယခု စာချစ်သူ၏လက်ထဲတွင်ရောက်နေသည့် ဘုံတစ်ကွေ့မှာ ဆုံတွေ့ရသူများစာအုပ်သည် အမေရိကန် စာရေးဆရာ Mitch Albom ရေးသားသော The Five People You Meet In Heaven စာအုပ်ကို ဘာသာပြန် ထားခြင်း ဖြစ်ပါသည်။

စာရေးဆရာ မစ်ချ်အယ်လ်ဘမ်သည် မြန်မာစာဖတ် ပရိသတ်နှင့် သိပ်စိမ်းလှသည်တော့ မဟုတ်ပါ။ သူ၏ Tuesdays With Morrie ကမ္ဘာကျော်စာအုပ်ကို ဆရာ အို၏ဘဝနေဝင်ချိန် သင်တန်း အမည်ဖြင့် ကျွန်တော် ဘာသာပြန်ပြီး တူဒေးစာအုပ်တိုက်က ၂၀၀၀ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

မစ်ချ်အယ်လ်ဘမ်ရေးခဲ့သည့် စာအုပ်နှစ်အုပ်စလုံး သည် Faction (Facts + Fiction) ဖြစ်ရပ်မှန်ဝတ္ထုများ ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ သူသည် ဖြစ်ရပ်မှန်

mgyoe.com

mgyoe.com



ကို စိတ်ကူးပေါင်းစပ်ပြီး ဒဿနလွှမ်းသည့် ဝတ္ထုများရေး ရာ၌ ကျွမ်းကျင်ပိုင်နိုင်သည်ဟု ဆိုရပါမည်။

ယခု ဤစာအုပ်ကို စာချစ်သူများ အကဲခတ်ကြည့်စေ ချင်ပါသည်။ သူတင်ပြလာသည့် ဒဿနကို ဝေဖန်စော ကြောကြည့်လျှင် စိတ်ဝင်စားစရာကောင်းမည် ထင်ပါ သည်။

စာချစ်သူများအား လေးစားလျက်
မြတ်ငြိမ်း
၂၀-၉-၂၀၀၄

ဂ

mgyoe.com

mgyoe.com

# မူရင်းစာရေးဆရာအကြောင်း

အသက် ၄၄ နှစ် ရှိပြီဖြစ်သော မစ်ချ်အယ်ဘမ်သည် ယနေ့ လူကြိုက်အများဆုံး စာရေးဆရာတစ်ဦးဖြစ်သည်။ သူရေးသားခဲ့သော စာအုပ်များသည် ရောင်းအကောင်းဆုံး စာရင်းဝင်ချည်းဖြစ်နေသည်။ ထို့ပြင် သူသည် နိုင်ငံသိ၊ နိုင်ငံကျော် အားကစားသတင်းဆောင်းပါးရှင် ဖြစ်သည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားစကားဝိုင်းများ ကမကထပြုပြီး ပြောကြားရာ၌ တိုင်းကျော်ပြည်ကျော် အောင်မြင်သူဖြစ်၏ ။

ယခုချိန်အထိ သူသည် စာအုပ်ရှစ်အုပ် ရေးသား ထုတ်ဝေပြီး ဖြစ်သည်။ ထိုအထဲတွင် ယခုနောက်ဆုံး ထုတ်ဝေထားသည့် The Five People You Meet In Heaven စာအုပ်သည် နယူးယောက်တိုင်းမ် သတင်းစာ၏ ရောင်းအကောင်းဆုံး စာရင်းဝင်နေသည်။ ထို့ပြင် ထူးခြားအံ့ဩစရာကောင်းလောက်အောင် လျှမ်းလျှမ်း

mgyoe.com

mgyoe.com



တောက် အောင်မြင်ခဲ့သည်မှာ Tuesdays with Morrie စာအုပ်ဖြစ်၏။ ထိုစာအုပ်ကို အိုပရာဝင်းဖရေးက ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် ရိုက်ကူးပြီး ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်လွှင့်ထုတ်ခဲ့ရာ ခြိမ့်ခြိမ့်သဲသဲ အောင်မြင်ခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် အင်မီဆု လေးဆုရခဲ့သည်။ ထိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သည့် Jack Lemmon က အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုရပြီး Hank Azaria သည် အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုရခဲ့၏။ စောင်ရေငါးသန်းကျော် ရောင်းရပြီးဖြစ်သည့် Tuesdays with Morrie စာအုပ်ကို နိုင်ငံပေါင်း ၃၄ နိုင်ငံတွင် ထုတ်ဝေခဲ့ပြီး ဘာသာပေါင်း ၃၀ ဖြင့် ဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်၏။ ထို စာအုပ်သည် ဂျပန်၊ ဩစတြေးလျ၊ ဘရာဇီးနှင့် အင်္ဂလန်နိုင်ငံများတွင် ရောင်းအကောင်းဆုံးစာအုပ်အဖြစ် စံချိန်တင်ခဲ့၏။

အယ်လ်ဘမ်၏ အခြားစာအုပ်များထဲတွင် Live Albom I (1987), Live Albom II (1990), Live Albom III (1992), Live Albom IV (1995), Bo (Bo Schembechler) ၏ အတ္ထုပ္ပတ္တိ (နယူးယောက်တိုင်းမ်ရောင်းအကောင်းဆုံး စာအုပ်စာရင်းဝင်) နှင့် FAB FIVE (မစ်ရှီဂန်တက္ကသိုလ်မှ ၁၉၉၀ ပြည့်လွန်နှစ်များ စောစောပိုင်းတွင် အောင်မြင်ကျော်ကြား ဘတ်စကက်ဘော ကစားသမားများအကြောင်း) တို့ ပါဝင်သည်။

အမေရိက အားကစားအယ်ဒီတာများအဖွဲ့ (APSE) က အယ်လ်ဘမ်အား အားကစားဆောင်းပါးနယ်ပယ်တွင်

mgyoe.com

mgyoe.com



အမြင့်ဆုံး ဂုဏ်ထူးဆောင်ဆုဖြစ်သည့် ထိပ်တန်းနံပါတ် ၁ အားကစားဆောင်းပါးရှင်ဆုကို အပ်နှင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော်ပြီဖြစ်၏။ ဆောင်းပါးရေးသားခြင်းနှင့်ပတ်သက်၍ APSE က ချီးမြှင့်သော ပထမဆုခုနစ်ဆုကိုလည်း ရခဲ့၏။ APSE က ချီးမြှင့်သောဆုကို ဘယ်ဆောင်းပါးရှင်မှ တစ်ကြိမ်ထက် ပိုမရခဲ့ဖူးချေ။

အယ်လ်ဘမ်၏ ဆောင်းပါးရှင်သက်တမ်း တစ်လျှောက်တွင် AP, UPI အစရှိသည့် သတင်းဌာနပေါင်းစုံက ချီးမြှင့်ခဲ့သည့်ဆုပေါင်း ၁၀၀ ကျော်လည်း ရရှိခဲ့လေသည်။

□

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဇာတ်သိမ်း

ဤဇာတ်လမ်းသည် အက်ဒီဟုခေါ်တွင်သူ လူတစ်ယောက်အကြောင်း ဖြစ်၏။ နောက်ပြီး ဤဇာတ်လမ်းကို နေရောင်အောက်တွင် လဲကျသေဆုံးသွားသည့် အက်ဒီ ဇာတ်သိမ်းခန်းဖြင့် စဖွင့်ထားသည်။ ဇာတ်လမ်းတစ်ပုဒ်ကို ဇာတ်သိမ်းခန်းဖြင့် စဖွင့်ခြင်းသည် ကြောင်သလိုလို ရှိကောင်းရှိပါမည်။ သို့ပေမဲ့ ဇာတ်သိမ်းအားလုံးသည် ဇာတ်လမ်းအစများလည်း ဖြစ်နေ၏။ ထိုစဉ်တုန်းက ကျွန်တော်တို့ မသိလိုက်ကြခြင်းသာ ဖြစ်၏။

* * *

အက်ဒီ့ဘဝ၏ နောက်ဆုံးတစ်နာရီ ကုန်ဆုံးသွားပြီ။ သူသည် အခြား လူများစုနည်းတူ ခဲသားရောင် သမုဒ္ဒရာကြီးကမ်းစပ်ရှိ ရူဘီပိုင်ယာ အပန်းဖြေဥယျာဉ်ထဲမှာရှိနေသည်။ ဥယျာဉ်ထဲတွင် အပန်းဖြေသူတွေ ပျော်ဖို့၊ ရွှင်ဖို့ သမားရိုးကျကစားနည်းတွေ အစုံအလင်ရှိသည်။ သစ်သားကြမ်းခင်း လျှောက်လမ်းတစ်ခု၊ ဖဲရစ်ရဟတ်ကြီး၊ ရိုလာကိုစတာတွေ၊

mgyoe.com

mgyoe.com


တိုက်ကားတွေ၊ ကော်ဖီမုန့်ဆိုင်တစ်ဆိုင်၊ နောက်ပြီး လူ့ရှင်တော်တစ်ဦး၏ပါးစပ်ထဲသို့ ရေပြွတ်ဖြင့် ရေထိုးထည့်ရသည့် ကစားနည်းတစ်ခု၊ ဖရက်ဒီဖရီးဖောဟု အမည်ပေးထားသည့် ဧရာမရဟတ်အသစ်ကြီး တစ်လုံးလည်း ရှိသည်။ ပြည်နယ်တစ်ဝန်းလုံးက သတင်းတွေထဲတွင် ဟိုးလေးတကျော် သတင်းဖြစ်လာမည့် အက်ဒီ မတော်တဆ ထိခိုက် သေဆုံးမှုဖြစ်သည့် နေရာသည် ဤရဟတ်သစ်ကြီး၏ အောက်မှာပင် ဖြစ်၏။

* * *

သေဆုံးချိန်တွင် အက်ဒီသည် ဆံပင်ဖြူဖြူ၊ ဂင်တိုတိုနှင့် အဘိုးကြီး ဖြစ်၏။ သူ့လည်တံက ပုတိုတို၊ ရင်အုပ်ကားကား၊ တုတ်ခိုင်သော လက်မောင်း၊ လက်ဖျံများရှိပြီး စစ်တပ်ထဲတုန်းက ညာဘက်ပခုံးမှာထိုးထားသည့် ဆေးမင်ကြောင်က အရောင်လွင့်နေပြီ။ သူ့ခြေထောက်တွေက ပိန်လှီပြီး အကြောပြိုင်းပြိုင်းထနေပြီ။ ဒုတိယကမ္ဘာစစ်တုန်းက ဒဏ်ရာရခဲ့သည့် ဘယ်ဘက်ဒူးခေါင်းမှာ လေးဖက်နာရောဂါကြောင့် သုံးမရလောက်အောင် ပျက်စီးနေ၏။ ဟိုဟိုသည်သည် လျှောက်သွားလျှင် ကြိမ်လက်ကိုင်တုတ် ဆောင်ထားရ၏။ နေဒဏ်ကြောင့် ကြမ်းထော်နေသော မျက်နှာပြင်ကြီးပေါ်တွင် ပါးမြိုင်းမွေးတွေက ထိုးထိုးထောင်ထောင်။ အောက်မေးရိုးက မသိမသာကလေး ရှေ့တိုးထွက်နေတော့ သူ့ကြည့်ရတာ သူ့နဂိုမူလထက် ပိုပြီး ဝင့်ထည်တတ်သယောင် ရှိနေ၏။ သူ့ဘယ်ဘက် နားရွက်ကြားတွင် စီးကရက်တစ်လိပ် ညှပ်ထားလေ့ရှိပြီး ခါးပတ်မှာတော့ သော့တွေပါသည့် သော့ကွင်းတစ်ကွင်း ချိတ်ထား၏။ သူစီးထားသည်မှာ ရော်ဘာခုံခံ ရှူးဖိနပ်များ၊ ဦးခေါင်းပေါ်မှာတော့ ပိတ်ဖြင့်ချုပ်ထားသော ကက်ဦးထုပ် ခပ်ဟောင်းဟောင်းတစ်လုံး ဆောင်းထား

mgyoe.com

mgyoe.com


သည်။ အရောင်လွင့်ပြယ်နေပြီဖြစ်သည့် အညိုရောင်ယူနီဖောင်းက သူသည် အလုပ်သမားတစ်ဦးဖြစ်ကြောင်း ညွှန်းဆိုနေသည်။ ဟုတ်လည်း ဟုတ်သည်။ သူက အလုပ်သမားတစ်ဦးပါပဲ။

* * *

အက်ဒ်ဒီတာဝန်မှာ ချားတွေ၊ ရဟတ်တွေ၊ အပျော်စီးယာဉ်တွေကို ပြုပြင်ထိန်းသိမ်းရခြင်း။ သူ တကယ်တမ်းဆောင်ရွက်ရသည်ကတော့ အန္တရာယ်ကင်းအောင် ကြည့်ရှုစောင့်ကြပ်ခြင်း ဖြစ်၏။ နေ့စဉ်းချိန် ရောက်တိုင်း သူက ဥယျာဉ်ထဲတွင် တစ်ပတ်ပတ်ကြည့်သည်။ အပျော်စီး ယာဉ်တစ်ခုချင်းကို စစ်ဆေးကြည့်သည်။ ကျိုးပဲ့နေသည့် ခြေနင်းခုံများ ရှိသလား။ ချောင်နေသည့် ဝက်အူတွေ၊ သံချေးစားပျက်စီးနေသည့် သံထည်တွေရှိနေသလား။ သူက တစ်ခါတစ်ခါကျ မတ်တတ်ရပ်ပြီး ရီဝေဝေမျက်လုံးများဖြင့် ငေးစိုက်ကြည့်နေတတ်၏။ အနီးအနားမှ ဖြတ် လျှောက်သွားသူများကတော့ ပြဿနာတစ်ခုခု ပေါ်နေပြီထင်ကြ၏။ သို့ပေမဲ့ သူက အသံဗလံကို နားစွင့်နေခြင်းမျှသာ။ ဒါလောက်ပါပဲ။ လုပ်သက်က တော်တော်ကြီးရင့်လာပြီဆိုတော့ သူက ပြဿနာကို နားထောင် လို့ရနေပြီ။ လည်ပတ်လှုပ်ရှားနေသည့် ပစ္စည်းကိရိယာများ၏ ကျိုးကျိုးကျွိကျွိ မြည်သံများ ကြားရရုံဖြင့် ပြဿနာရှိ၊ မရှိ ပြောနိုင်သည်ဟု သူက ဆို၏။

ကမ္ဘာပေါ်မှာ အသက်ရှင်နေထိုင်ဖို့ မိနစ် ၅၀ သာကျန်တော့သော အက်ဒီသည် ရူဘီပိုင်ယာတစ်ကြော နောက်ဆုံးလှည့်ပတ်စစ်ဆေးခြင်း အမှုကို ပြုနေ၏။ အသက်ကြီးကြီး စုံတွဲတစ်တွဲကို လမ်းဖယ်ပေးလိုက်၏။

"အပေါင်းအသင်းတို့" သူက ကက်ဦးထုပ်ကို လက်ဖြင့်တို့ရင်း နှုတ်ဆက်စကားဆိုသည်။

mgyoe.com

mgyoe.com


ဟိုစုံတွဲက ယဉ်ကျေးပျူငှာစွာ ခေါင်းဆတ်ပြသည်။ ဧည့်သည်များက အက်ဒ်ဒီကို သိနေကြသည်။ ယုတ်စွအဆုံး လာနေကြဧည့်သည်များက သိသည်။ သူ့ကို သူတို့ တွေ့နေမြင်နေရသည်မှာ တစ်နှစ်ပြီး တစ်နှစ်။ နေရာတစ်နေရာနှင့်တွဲစပ်ပြီး သိနေသည့် မျက်နှာတွေထဲတွင် အက်ဒ်ဒီ မျက်နှာလည်း အပါအဝင်။ သူ၏လုပ်ငန်းခွင်ဝတ် ရှပ်အင်္ကျီရင်ဘတ်ပေါ်တွင် ပိုးချုပ်ထားသည်မှာ *ပြုပြင်ထိန်းသိမ်းရေး* ဆိုသော စကားလုံး။ ထိုစကားလုံးအပေါ်နားလေးမှာမှ *အက်ဒီ* ဆိုသောအမည်။ တစ်ခါတလေဆို အပန်းဖြေဧည့်သည်များက သူ့အား လက်ဝှေ့ယမ်းပြပြီး "ဟဲလိုပြုပြင်ထိန်းသိမ်းရေး အက်ဒီ" ဟု နှုတ်ဆက်တတ်ကြ၏။ သို့သော် သူတို့ နှုတ်ဆက်ပုံ နှုတ်ဆက်နည်းက တယ်ပြီး အူမြူးစရာ မကောင်းဟု အက်ဒီက ယူဆသည်။

ယနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် အက်ဒ်ဒီမွေးနေ့ဖြစ်နေသည်။ ၈၃ နှစ်မြောက်မွေးနေ့။ လွန်ခဲ့သည့် သီတင်းပတ်တုန်းက ဆရာဝန်တစ်ဦးက ပြောသွားသည်။ သူ့မှာ ရေယုန်တွေပေါက်နေသည်တဲ့။ ဪ... ရေယုန်တွေတဲ့လား။ အက်ဒီက ရေယုန်ဆိုတာ ဘာမှန်းပင်မသိ။ တစ်ချိန်တုန်းကတော့ အက်ဒီ ကျန်းမာသန်စွမ်းခဲ့သည်လေ။ ချားရဟတ်မှာတပ်သည့် မြင်းရုပ်ကြီးနှစ်ကောင်ကို လက်တစ်ဖက်စီဖြင့် ကိုင်မြှောက်ထားနိုင်လောက်အောင် သန်မာခဲ့သည်။ အင်းလေ... ဒါကလည်း ဟိုးရှေးရှေးတုန်းကပါ။

* * *

"အက်ဒ်ဒီ"

"သားကိုခေါ်ပါ အက်ဒ်ဒီ"

"သမီးကိုခေါ်နော်"

mgyoe.com

mgyoe.com


သူ့ သေဆုံးဖို့ မိနစ်လေးဆယ်အလို။ သူက ရိုလာကိုစတာ လမ်းကြောင်းရှေ့သို့သွားသည်။ သူက အပျော်စီးယာဉ်တိုင်းကို အနည်းဆုံး တစ်ပတ်တစ်ကြိမ်တော့ စီးဖြစ်အောင် စီးကြည့်သည်။ ဘရိတ်တွေ အလုပ်လုပ်ရဲ့လား၊ လက်ကိုင်ဘီးတွေ ခိုင်သေးရဲ့လား။ ဒါတွေကို ကြည့်ရှုစစ်ဆေးဖို့၊ ယနေ့ အလှည့်ကျတာကတော့... ကိုစတာအလှည့်။ သရဲ ရထားဟု သူတို့ခေါ်သည့် ကိုစတာအလှည့်။ အက်ဒီကိုသိနေသည့် ချာတိတ်တွေက သူနှင့်အတူ စီးချင်ကြသည်။ ထို့ကြောင့် သူ့ကို လှမ်းအော်ပြောနေခြင်း ဖြစ်သည်။

ကလေးတွေက အက်ဒီကို သဘောကျကြသည်။ ဆယ်ကျော်သက်တွေကတော့ သဘောမကျ။ သည်မြို့ကောင်ပေါက်တွေက သူ့ကို ဦးနှောက်ခြောက်အောင် လုပ်နေကျ။ နှစ်ပေါင်းများစွာအတွင်း ဆယ်ကျော်သက်များ၏ ဘာမျှမည်မည်ရရ အကြောင်းမရှိဘဲ ရန်လုပ်နည်းပေါင်းစုံကို သူတွေ့ဖူးမြင်ဖူးခဲ့ပြီဟု အက်ဒီ ထင်သည်။ သို့ပေမဲ့ ကလေးသူငယ်တွေကတော့ သူတို့နှင့်မတူ။ ကလေးသူငယ်များက အက်ဒီကို ကြည့်ကြသည်။ အောက်မေးရိုး ရှေ့သို့ငေါထွက်နေသော သူ့ပုံစံက ပြုံးပြုံးကြီးလုပ်နေသလိုလို။ လင်းပိုင်ကြီးတစ်ကောင်လိုပေါ့။ နောက်ပြီး ကလေးတွေက အက်ဒီကို ယုံကြည်အားထားကြသည်။ သူတို့သည် အက်ဒီ့နံဘေးသို့ရောက်လျှင် မီးဖိုရှေ့မှာ အနွေးဓာတ်ခံယူသော လက်အေးအေးကလေးတွေလိုပါပဲ။ သူတို့က သူ့ခြေထောက်ကို ပွေ့ဖက်ကြသည်။ သူ့သော့တွဲကြီးဖြင့် ဆော့ကစားကြသည်။ အက်ဒီက များသောအားဖြင့် 'အင်း' 'အဲ' ပဲ ရေရွတ်သည်။ ဘယ်တော့မှ စကားများများစားစား မပြော။ သူ ထိုသို့ စကားမများသောကြောင့် သူ့ကို ခင်မင်ကြခြင်းဖြစ်သည်ဟု အက်ဒီ ယူဆသည်။

ယခုလည်း ဘေ့စ်ဘောကက်ဦးထုပ်များကို နောက်လှန်ဆောင်း

mgyoe.com

mgyoe.com


ထားသည့် ချာတိတ်နှစ်ယောက်၏ဦးခေါင်းကို အသာအယာ ပုတ်လိုက်၏။ သူတို့နှစ်ယောက် လှည်းဆီသို့ပြေးပြီး ကသောကမျော တက်ကြသည်။ အက်ဒီက သူ့ကြိမ်တုတ်ကို ယာဉ်မောင်းအား လှမ်းပေးသည်။ ပြီးတော့ ချာတိတ်နှစ်ယောက်ကြားတွင် ဖြည်းဖြည်းချင်း ထိုင်ချသည်။

"ဟေး... သွားတော့မယ်ကွ၊ သွားတော့မယ်ကွ" ကောင်လေးတစ်ယောက်က ဝမ်းသာအားရ ကြွေးကြော်သည်။ အခြားတစ်ယောက်က အက်ဒီ့လက်ကို ဆွဲယူပြီး သူ့ပခုံးကို ဖက်ထားစေ၏။ အက်ဒီက ရင်တားမင်းတုပ်ကို ဆွဲနှိမ့်လိုက်သည်။ ထို့နောက်မှာတော့... 'ဒိုးဒိုးဒေါက် ဒေါက်' မြည်သံနှင့်အတူ သူတို့ ရွေ့လျားသွားလေသည်။

* * *

အက်ဒီ့အကြောင်း သတင်းဇာတ်လမ်းတစ်ပုဒ် ပျံ့နေ၏။ ဤဆိပ်ခံတံတားတစ်ဝိုက်မှာပဲ ကြီးပြင်းလာသည့် အက်ဒီသည် ငယ်ဘဝတုန်းက လမ်းကြိုလမ်းကြား ရန်ပွဲတစ်ပွဲတွင် အပြတ်နွှဲဖူးသည်ဆို၏။ ပစ်ကင်ရိပ်သာလမ်းမှ ချာတိတ်ငါးကောင်က အက်ဒီ့အစ်ကိုဂျိုးကို ချောင်ပိတ်ဖမ်းပြီး ဝိုင်းထိုးဖို့ ရန်စကြသည်ဆို၏။ အက်ဒီက သူတို့နှင့်လမ်းတစ်ဖြတ်လောက်ဝေးသည့် အိမ်ရှေ့ဆင်ဝင်အောက်တွင် အသားညှပ်ပေါင်မုန့် စားနေသည်။ ထိုအခိုက်တွင် ငယ်သံပါအောင်အော်လိုက်သော သူ့အစ်ကို၏အသံကို ကြားလိုက်ရ၏။ နောက်ဖေးလမ်းကြားဆီသို့ အက်ဒီ ပြေးသွားသည်။ အမှိုက်ပုံးအဖုံးကို လှမ်းဆွဲပြီး ဗိုလ်ကျစိုးမိုးရေးသမားကလေးများကို အပြတ်နှိပ်ပစ်သည်။ ကောင်လေးနှစ်ယောက် ဆေးရုံရောက်သွားသည်။

ထိုသို့ဖြစ်ပြီးနောက်ပိုင်း ဂျိုးသည် အက်ဒီအား လပေါင်း များစွာကြာအောင် စကားမပြောတော့။ သူ အရှက်ကြီး ရှက်နေသည်။ ဂျိုးက

mgyoe.com

mgyoe.com


သူတို့မောင်နှမတွေထဲတွင် သားဦး။ အစ်ကိုအကြီးဆုံး။ သို့ပေမဲ့ လမ်းကြားတိုက်ပွဲတွင် အနိုင်နွဲခဲ့သူမှာ အက်ဒီသာ ဖြစ်နေသည်။

* * *

"သားတို့... နောက်တစ်ခေါက် စီးလို့ရမလား အက်ဒီ၊ စီးပါရစေနော်"

အသက်ရှင်နေထိုင်ဖို့ သုံးဆယ့်လေးမိနစ်ပဲ ကျန်တော့သည်။ အက်ဒီက ရင်တားမင်းတုပ်ကို မ,လိုက်သည်။ ကောင်လေးတစ်ယောက်ကို သကြားချောင်းတစ်ချောင်းစီပေးသည်။ သူ ကြိမ်တုတ်ပြန်ယူသည်။ နွေနေအပူမှ သက်သာအောင် ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံသို့ ခြေထောက်ဆာတာဆာတာဖြင့် သွားသည်။

သူသေအံ့ဆဲဆဲဖြစ်နေပြီဆိုတာသာ သိနေလျှင် သူအခြား တစ်နေရာသို့ သွားမိပေလိမ့်မည်။ ယခုတော့ သူက ကျွန်တော်တို့ အားလုံးလုပ်သည့်အလုပ်မျိုးပဲ လုပ်သည်။ သူက ပျင်းရိငြီးငွေ့စရာကောင်းလှသည့် နေ့စဉ်ပုံမှန်အလုပ်ကိုပဲ လုပ်သည်။ ကမ္ဘာပေါ်မှာ ရှိရှိသရွေ့ နေ့တွေ၊ ရက်တွေကို ကြုံဆုံဖြတ်သန်းဖို့ရှိနေသေးသည့်နှယ်။

ပြုပြင်ထိန်းသိမ်းရေး အလုပ်သမားတစ်ဦးဖြစ်သည့် ဒိုမင်ဂက်စ်က လက်ဆေးဆီကန်နံဘေးမှာ ရပ်နေသည်။ ဘီးတစ်လုံးမှ အမဲဆီများအားသုတ်ပစ်နေသည်။ ဒိုမင်ဂက်စ်က ပိန်ပိန်ကိုင်းကိုင်း၊ ပါးရိုးငေါငေါဖြင့် လူငယ်ကလေးတစ်ယောက်။

"ဟေး... အက်ဒီ" သူက နှုတ်ဆက်သည်။

"ဒွန်" အက်ဒီ ပြန်နှုတ်ဆက်သည်။

အလုပ်ရုံထဲတွင် လွှစာမှုန့်အနံ့မျိုး နံနေသည်။ မျက်နှာကြက်က နိမ့်ပြီး ကျဉ်းကျဉ်းကျုံ့ကျုံ့ ဖြစ်နေသည်။ ချိတ်များတပ်ထားသည့် နံရံ

mgyoe.com

mgyoe.com


များပေါ်မှာ ချိတ်ထားသည်မှာ လွန်တွေ၊ လွှတွေ၊ တူတွေ။ အပန်းဖြေ စီးယာဉ်များ၏ အခြေခံအစိတ်အပိုင်းများကို နေရာတိုင်းမှာ တွေ့ရ၏။ ကွန်ပရက်ဆာများ၊ အင်ဂျင်များ၊ ခါးပတ်များ၊ မီးသီးများ၊ ပင်လယ် ဓားပြအရုပ်တစ်ခုတွင် ဦးခေါင်းတစ်လုံးလည်း ပါသည်။ နံရံတစ်ချပ်မှာ ချိတ်ထားသည့် ကော်ဖီမှုန့် သံပုံးတွေထဲမှာတော့ အိမ်ရိုက်သံတွေ၊ ဝက်အူ တွေ၊ အခြားနံရံတစ်ချပ်တွင်မူ အမဲဆီထည့်ထားသည့်ဘူးတွေ တန်းစီ နေ၏။

ဘီးပတ်ချိန်းကြိုးတစ်ချောင်းကို အမဲဆီထည့်ခြင်းသည် ပန်းကန် တစ်ချပ် ရေဆေးရသလောက်ပင် ဉာဏ်သုံးဖို့မလိုဟု အက်ဒီက ပြောလေ့ ရှိသည်။ တစ်မျိုးတည်းသော ခြားနားချက်မှာ အမဲဆီထည့်ခြင်းက ပိုပြီး သန့်ပြန့်မသွားဘဲ ပိုပြီးညစ်ပေသွားခြင်း ဖြစ်၏။ အက်ဒီ လုပ်ဆောင် ရသည့်အလုပ်မျိုးမှာ ထိုအလုပ်မျိုးပေတည်း။ အမဲဆီတွေ လျှောက်သုတ်၊ ဘရိတ်တွေချိန်၊ မူလီတွေ ကျပ်ပေး၊ လျှပ်စစ်ကြိုးများ တပ်ဆင်ထားသည့် ဘောင်ကွက်များကို စစ်ဆေး။ တကယ်တော့ သည်နေရာကို စွန့်ခွာ ပြေးချင်နေတာကြာပြီ။ တခြားအလုပ်တစ်ခုရှာ၊ တခြားဘဝတစ်ခု တည်ထောင်။ သည်လိုလုပ်ဖို့ တမ်းတတောင့်တနေခဲ့တာ အကြိမ်ပေါင်း တော်တော်များပြီ။

သို့ပေမဲ့ စစ်က ဖြစ်လာသည်။ သူ့စီမံကိန်းတွေ တစ်ချက်မျှ အကောင်အထည်ပေါ်မလာ။ သိပ်များများ မကြာခင်မှာပဲ သူ့ဆံပင်တွေ အဖြူစွက်လာ၊ ဘောင်းဘီချောင်ချောင်ကြီးတွေဝတ်၊ လူက ပင်ပန်းနွမ်း နယ်ပြီး လှုပ်ရှားမှုတွေ နှေးကွေးလာသည်ကို တွေ့ရ၏။ တကယ်တော့ သည်လူဟာ သူပဲ။ ဟုတ်သည်။ သူက အမြဲတမ်း သည်လိုပဲဖြစ်နေ တော့မည့်လူ။ ရှူးဖိနပ်တွေထဲ သဲတွေဝင်မည့်နေရာဒေသ၊ စိတ်ပါလက် ပါမဟုတ်ဘဲ ဟန်လုပ်ပြီး ပြုံးရရယ်ရသောကမ္ဘာ။ နောက်ပြီး ဝက်အူ

mgyoe.com

mgyoe.com


ချောင်းမီးကင်များ စားရမည့်ဝန်းကျင်မှာ နေထိုင်ကျင်လည်ရမည့်လူလေ။ သူ့ဖခင် မသေခင်ကလိုပေါ့။ ရှပ်အင်္ကျီရင်ဘတ်တွင် တံဆိပ်တစ်ခု ကပ်ချုပ်ထားမည်။ ပြင်ဆင်ထိန်းသိမ်းရေးသမား အက်ဒီ။ ပြင်ဆင်ထိန်းသိမ်းရေးဌာန အကြီးအကဲပေါ့။ သို့မဟုတ်ပါကလည်း တစ်ခါတစ်ခါတွင် ချာတိတ်တွေ ခေါ်သလိုပေါ့။ 'ရူဘီပိုင်ယာက ယာဉ်စစ်ဆေးရေးမှူးကြီး' ပေါ့။

* * *

မိနစ်သုံးဆယ်ပဲ ကျန်တော့သည်။

"ဟေး... ပျော်ရွှင်စရာမွေးနေ့ပါ၊ ခင်ဗျားမွေးနေ့ဆို" ဒိုမင်ဂက်ဇ် နှုတ်ဆက်သည်။

အက်ဒီက တဟင်းဟင်း လုပ်နေသည်။

"မွေးနေ့ပွဲတွေ ဘာတွေ ဘာမှမလုပ်ဘူးလားဗျ"

အက်ဒီက အရူးတစ်ကောင်ကို ကြည့်သလို ဒိုမင်ဂက်ဇ်အား ကြည့်သည်။ ငှက်သိုက်မုန့်နံ့လွှမ်းသည့်နေရာဒေသတွင် နေထိုင်ကြီးပြင်းအိုမင်းလာရတာ တော်တော်ကြောင်စီစီနိုင်ပါကလားဟု တစ်ဖြုတ်မျှ တွေးမိ၏။

"ဒီမယ် အက်ဒီရေ၊ မှတ်ထားဗျ သိလား၊ နောက်တစ်ပတ်ဆို ကျွန်တော် အလုပ်ထွက်ပြီ၊ တနင်္လာနေ့ကစပြီး ထွက်မှာ၊ မက္ကဆီကိုကို သွားမယ်လေ"

အက်ဒီ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ဒိုမင်ဂက်ဇ်က ထွန့်ထွန့် ထွန့်ထွန့်လုပ်ပြီး ကသည်။

"ကျွန်တော်နဲ့ ထရီဇာပါတီပွဲမှာ မိသားစုတစ်ခုလုံးနဲ့ တွေ့မှာဗျ"

အက်ဒီ ငေးကြည့်နေသည်ကိုတွေ့မှ သူ အကရပ်လိုက်၏။

mgyoe.com

mgyoe.com


"ခင်ဗျား ရောက်ဖူးလား"

"ရောက်ဖူးလား ဟုတ်လား"

"မက္ကဆီကို ကိုလေ"

အက်ဒီ နှာခေါင်းမှတစ်ဆင့် အသက်ပြင်းပြင်းရှူထုတ်သည်။

"ရိုင်ဖယ်တစ်လက်ပေးပြီး သင်္ဘောနဲ့ လိုက်ပို့ပေးတဲ့ နေရာဒေသတွေကလွဲရင် ငါ ဘယ်မှမရောက်ဖူးဘူး ချာတိတ်ရ"

ဒိုမင်ဂက်ဇ် ပစ္စည်းဆေးသည့် ဆီကန်နားသို့ ပြန်သွားသည်ကို ကြည့်နေ၏။ သူ ခဏစဉ်းစားသည်။ နောက်တော့ သူ့အိတ်ထဲမှ ငွေစက္ကူခပ်ပါးပါးတစ်ထပ်ကို ထုတ်ယူသည်။ ပြီးတော့ သူ၏ ရှိစုမဲ့စု နှစ်ဆယ်တန်နှစ်ရွက်ကို ဆွဲထုတ်သည်။ လှမ်းပေးသည်။

"မင်းမိန်းမကို ကောင်းနိုးရာရာလေးတစ်ခု ဝယ်ပေးလိုက်ကွာ"

ပိုက်ဆံတွေကို ဒိုမင်ဂက်ဇ် မက်မက်မောမော ကြည့်သည်။ ပြီးတော့ အားရပါးရ ပြုံးလိုက်သည်။ "ဟေး ဟေး ဟေး... ဆရာကြီး၊ ဟုတ်မှလည်း လုပ်ပါဗျာ"

အက်ဒီက ဒိုမင်ဂက်ဇ်၏လက်ဝါးထဲသို့ ငွေစက္ကူနှစ်ရွက်ကို ထိုးထည့်ပေးသည်။ ထို့နောက် အလုပ်ရုံနောက်ဘက်ခြမ်း ပစ္စည်းသိုလှောင်ခန်းဆီသို့ သွားသည်။ သစ်သားကြမ်းခင်းတစ်ချပ်ကို လှန်ပြီး ငါးမျှားပေါက် ဖောက်ထားသည်မှာ ဟိုးနှစ်တွေကတည်းက။ ပလတ်စတစ်အထုပ်ကလေးကို မ,လိုက်သည်။ အောက်ဘက် ပေ ၈၀ အကွာရှိ ပင်လယ်ရေပြင်သို့ချထားသည့် နိုင်လွန်ကြိုးကို ဆွဲကြည့်သည်။ ကြိုးထိပ်၊ ငါးမျှားချိတ်မှာ ချိတ်ထားသည့် ငါးမျှားစာက အရာမယွင်း ရှိနေဆဲ။

"တစ်ကောင်ကောင် မိထားသလားဗျို့၊ ကျွန်တော်တို့ တစ်ကောင်ကောင်မိထားတယ်လို့ ပြောလိုက်စမ်းပါဗျာ"

mgyoe.com

mgyoe.com


အက်ဒီ အံ့ဩမိသည်။ ဘယ်လိုဖြစ်ပြီး သည်ကောင်လေး သည်လောက် အကောင်းမြင်နေရပါလိမ့်။ ထိုငါးမျှားကြိုးမှာ ဘယ်တုန်းကမှ ဘာတစ်ကောင်တစ်မြီးမှ မမိခဲ့ဖူးပါ။

"တစ်နေ့မှာ ကျွန်တော်တို့ ဧရာမ ပင်လယ်ငါးကြီးတစ်ကောင်တော့ မိရမယ်ဗျ" ဒိုမင်ဂက်ဇ် အော်ပြောသည်။

"အင်း" အက်ဒီ ပလုံးပထွေး ပြောသည်။ သို့ပေမဲ့ သည်လောက်သေးသည့် ကြမ်းပေါက်ကလေးထဲမှ သည်လောက်ကြီးသည့် ငါးကို ဆွဲတင်လို့မရဆိုတာ... သူ သိနေသည်လေ။

* * *

အသက်ရှင်နေထိုင်ဖို့ နှစ်ဆယ့်ခြောက်မိနစ်ပဲ ကျန်တော့သည်။ အက်ဒီ ကြမ်းခင်းပေါ်က ဖြတ်လျှောက်ပြီး တောင်စူးစူးသို့သွားသည်။ အရောင်းအဝယ်တွေ ထိုင်းနေသည်။ ကော်ဖီအရောင်းကောင်တာနောက်က ကောင်မလေးသည် ဘပ်ဘယ်လ် ဂမ်းကို ဝါး၊ ပါးစပ်မှ ပူဖောင်းမှုတ်ထုတ်၊ ကောင်တာပေါ် တံတောင်နှစ်ဖက်ထောက်ပြီး မှီထားသည်။

တစ်ချိန်တစ်ခါတုန်းကတော့ နွေရာသီဆိုလျှင် ရူဘီပိုင်ယာသည် မသွားမဖြစ် သွားကိုသွားရမည့် နေရာတစ်နေရာ။ ဤအပန်းဖြေ ဥယျာဉ်တွင် ဆင်တွေရှိသည်။ မီးရှူးမီးပန်းတွေ ရှိသည်။ ပြီးတော့ မပြီးဆုံးနိုင်တော့သော အကပြိုင်ပွဲတွေရှိသည်။ သို့သော် လူတွေက ပင်လယ်ဆိပ်ခံတံတားများသို့ သိပ်အသွားအလာ မလုပ်ကြတော့။ သူတို့က ဓာတ်လမ်း ဓာတ်ကွက်များ စီစဉ်ဖန်တီးထားသည့် အပန်းဖြေဥယျာဉ်များသို့ လက်မှတ်တစ်စောင် ၇၅ ဒေါ်လာပေးပြီးဝယ်ပြီး သွားကြမည်။ ဥယျာဉ်ထဲတွင် အမွေးထူထူ သတ္တဝါကြီးတစ်ကောင်နှင့်တွဲပြီး ဓာတ်ပုံအရိုက်ခံကြမည်။

အက်ဒီ ခြေထောက်ဒယဉ်ဆွဲလျက် တိုက်ကားကစားကွင်း နံဘေး

mgyoe.com

mgyoe.com


မှ ဖြတ်သွားသည်။ နောက်ပြီး ဆယ်ကျော်သက်ကောင်လေးတစ်သိုက်ကို စိုက်ကြည့်လိုက်၏။ ကောင်လေးတွေက ဘေးကာလက်ရန်းများကို မှီပြီး ရပ်နေကြသည်။ *သိပ်ကောင်းတာပေါ့။ ငါတွေ့ချင်တာလည်း ဒီကောင်တွေပါပဲ...* ဟု တစ်ယောက်တည်း တွေးသည်။

"သွားကြဟေ့" လက်ရန်းကို ကြိမ်တုတ်ဖြင့်ရိုက်ရင်း အက်ဒီ ပြောသည်။ "သွားကြ၊ သွားကြ၊ အဲဒီလက်ရန်းတွေက အန္တရာယ်များ သကွ"

ဆယ်ကျော်သက်ချာတိတ်တွေက သူ့ကို မိုက်ကြည့်ကြည့်ကြ သည်။ မော်တော်ကားများနှင့် ဆက်ထားသည့် ဝင်ရိုးများသည် လျှပ်စစ် ဓာတ်တွေစီးပြီး တစ်ဖျစ်ဖျစ်မြည်နေ၏။

"အန္တရာယ်များတယ်ဟေ့" အက်ဒီက ထပ်ပြောသည်။

ချာတိတ်တွေ တစ်ယောက်ပြီးတစ်ယောက် ကြည့်ကြသည်။ သူတို့အထဲက ဆံပင်ကို အဝါရောင်ဆိုးထားသည့် ကောင်လေးတစ်ယောက် က အက်ဒီကိုကြည့်ပြီး လှောင်ပြုံးပြုံးသည်။ ပြီးတော့ အလယ်လက်ရန်း ပေါ် တက်လိုက်သည်။

"ဟေ့... ကြွေးတွေ၊ လာကြစမ်း၊ ငါ့ကို လာတိုက်ကြစမ်း" တိုက်ကားမောင်းနေသည့်ကလေးများအား လက်ဝှေ့ယမ်းပြပြီး အော် သည်။ "ငါ့ကို လာတိုက်"

အက်ဒီ လက်ရန်းကို တအားကျုံးရိုက်လိုက်ရာ ကြိမ်လုံးပင် ကျိုးမတတ်ဖြစ်သွားသည်။

"သွားကြစမ်း"

ဆယ်ကျော်သက်ချာတိတ်တွေ ထွက်ပြေးကြသည်။

* * *

mgyoe.com

mgyoe.com


အက်ဒီအကြောင်း နောက်ထပ်ဇာတ်လမ်းတစ်ပုဒ် ကြားရပြန်သည်။ စစ်သားဘဝတုန်းက သူသည် ရင်ဆိုင်တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည်ဆို၏။ သူက ရဲစွမ်းသတ္တိအပြည့်ဖြင့် တိုက်ခိုက်ခဲ့၏။ သူသည် ဂုဏ်ပြုတံဆိပ်တစ်ခုပင် ချီးမြှင့်ခံခဲ့ရ၏။ သို့သော် စစ်မှုထမ်းသက်ပြည့်ကာနီးကြမှ ကိုယ့်တပ်မှ ရဲဘော်တစ်ဦးနှင့် ရန်ပွဲနွှဲခဲ့သည်ဆို၏။

ဤကား အက်ဒီ ဒဏ်ရာရလာပုံ ရလာနည်းတည်း။ သူနှင့် ရန်ဖြစ်သည့်ရဲဘော် ဘာဖြစ်သွားသလဲဆိုတာတော့ ဘယ်သူမျှ မသိကြ။

ဘယ်သူကမျှလည်း မမေးမြန်း၊ မစပ်စုကြ။

* * *

ဤကမ္ဘာမြေကြီးပေါ်တွင် ဆက်လက်ရှင်သန်နေထိုင်ဖို့ ၁၉ မိနစ်သာကျန်တော့သော အက်ဒီသည် အလူမီနီယံဖြင့် ပြုလုပ်ထားသော သောင်ပြင်ကုလားထိုင်ပေါ်တွင် နောက်ဆုံးအကြိမ်အဖြစ် ထိုင်ချလိုက်သည်။ ကြွက်သားတွေ ဖောင်းကြွနေသည့် တုတ်တုတ်ခိုင်ခိုင်လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ပိုက်ထားသည်မှာ ဖျံတစ်ကောင်၏ ရေယက်ပြားများနှယ် ရှိ၏။ သူ့ခြေထောက်များသည် နေလောင်ထားသည့်အတွက် နီရဲနေသည်။ ဘယ်ဘက်ဒူးခေါင်းတွင် အမာရွတ်များ ထင်နေဆဲ။

အမှန်အတိုင်းပြောရလျှင် သူ့ခန္ဓာကိုယ်က သေတွင်းမှထွက်လာခဲ့သူတစ်ဦးဖြစ်ကြောင်း ဖော်ပြနေ၏။ သူ့လက်ချောင်းကလေးတွေ ပုံပျက်ပန်းပျက် ယိမ်းယိုင်ကောက်ကွေးနေ၏။ လက်နက်မျိုးစုံမှ ပစ်လွှတ်လိုက်သော ကျည်စကျည်နများ၏ ကောင်းမှုပေတည်း။ 'အရက်ဆိုင်တိုက်ပွဲများ' ဟု အက်ဒီက နာမည်ပေးထားသည့် ရန်ပွဲများကြောင့် သူ့နှာခေါင်းကျိုးခဲ့သည်မှာလည်း အကြိမ်ကြိမ်။ မေးရိုးကားကားကြီးနှင့် သူ့မျက်နှာသည် တစ်ချိန်တစ်ခါတုန်းကတော့ ခန့်ချောကြီး ဖြစ်ကောင်းဖြစ်ခဲ့မည်။

mgyoe.com

mgyoe.com


ဝုန်းဒိုင်းကြဲပစ်သွင်းလိုက်သည့် လက်သီးချက်တွေ များများစား မထိသေးခင်က မြင်တွေ့ရသည့် လက်ဖွေ့ချန်ပီယံတစ်ဦး၏ မျက်နှာလိုပေါ့။

ခုတော့ အက်ဒီကြည့်ရတာ နွမ်းနယ်နေပုံ။ ဤနေရာကား ရှုဘီပိုင်ယာလျှောက်လမ်းတွင် သူ မတ်တတ်ရပ်နေကျနေရာလေ။ ဧရာမယုန်ရုပ်ကြီးများတပ်ဆင်ထားသည့် ချားကြီး၏ နောက်နားမှာ။ ၁၉၈၀ ပြည့်လွန်နှစ်များတုန်းကတော့ ဤနေရာက ချားကို မိုးကြိုးချားဟု ခေါ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတုန်းက 'သံမဏိငါးရှဋ်' ချား၊ ၁၉၆၀ ပြည့်လွန် နှစ်များတုန်းက 'ချိုချဥ်ပလုတ်တုတ်" ချား၊ ၁၉၅၀ ပြည့်လွန်နှစ်များတုန်းက 'မှောင်ထဲက လက်ဖ်' ချား၊ ထိုခေတ်တွေ မတိုင်မီတုန်းကတော့ 'ငွေကြယ်မှုန်များတီးဝိုင်း" ဖျော်ဖြေခဲ့သည့်နေရာ။

အဲသည်တီးဝိုင်း ဖျော်ဖြေခဲ့သည့်နေရာမှာပဲပေါ့။ မာဂရက်ကို အက်ဒီတွေ့ခဲ့ရတာ။

* * *

လူတိုင်း၏ဘဝတွင် အချစ်စစ်အချစ်မှန်ကို ဖော်ကျူးသည့် လျှပ်တစ်ပြက်ခဏတ်ပုံတစ်ပုံတော့ ရှိစမြဲပင်။ အက်ဒီအတွက်တော့ ပူအွေးသော စက်တင်ဘာညတစ်ညတွင် ဖြစ်ပေါ်ခဲ့၏။ ထိုညက မိုးသက်မုန်တိုင်းကျခဲ့၏။ မိုးသက်မုန်တိုင်းကြောင့် လျှောက်လမ်းပေါ်မှ သစ်သားကြမ်းခင်းများသည် ပွပြီး ပျော့အိနေသည်။ နောက်ပြီး ချောကျိနေသည်။ ကောင်မလေးက အဝါရောင်ချည်ဂါဝန်ဝတ်လာသည်။ ဆံကေသာများကို ပန်းရောင်ခေါင်းစည်းကြိုးဖြင့် စည်းနှောင်ထားသည်။

အက်ဒီ စကားတွေ သိပ်များများမပြော။ သူ ရင်ခုန်လွန်းနေသည်။ သူ့လျှာသည် သွားတွေမှာ ကော်ဖြင့်ကပ်ထားသလို အာစေးမိနေ၏။

mgyoe.com

m.gyoe.com


မဟာတီးဝိုင်းကြီးက တီးခတ်ပေးသော တေးသံစုံဖြင့် သူတို့နှစ်ယောက်တွဲကကြသည်။ သူက ကောင်မလေးကို လိမ္မော်ရည်တစ်ဘူး ဝယ်တိုက်သည်။ မာဂရက်က သူ့မိဘတွေ စိတ်မဆိုးမီ အရောက်ပြန်မှဖြစ်မည်ဟု ပြောသည်။ သို့သော် အက်ဒ်ီအနားမှခွဲခွာသွားပြီးမှ ကောင်မလေးက လှည့်ကြည့်ပြီး လက်ပြနှုတ်ဆက်သွားလေသည်။

ထိုမြင်ကွင်းကလေးသည်ပင် လျှပ်တစ်ပြက်ရိုက်ချက် ဖြစ်တော့၏။ သူ၏လက်ကျန်ဘဝတစ်လျှောက်လုံး အက်ဒီသည် မာဂရက်အကြောင်း စဉ်းစားလိုက်မိတိုင်း ထိုတဒင်္ဂလေးကို ပြန်လည်မြင်ယောင်မိသည်ချည်း။ လက်ကို ပခုံးထက်မြင့်အောင်မြှောက်ပြီး ဝှေ့ယမ်းပြပုံ၊ နက်မှောင်ဆံကေသာများက သူ့မျက်လုံးတစ်ဖက်ပေါ် အုပ်ပြီးကျနေပုံ။ ထိုမြင်ကွင်းကလေးကို ပြန်ပြီး မြင်ယောင်လိုက်သည်နှင့် ထိုစဉ်တုန်းက အတိုင်း သူ့ရင်ထဲမှာ အချစ်တွေ ရှန်းကြွတက်လာသည်ချည်း။

ထိုညက အက်ဒီ အိမ်ပြန်လာပြီး သူ့အစ်ကိုကြီးကို အိပ်ရာက နှိုးသည်။ သူ လက်ထပ်ယူမည့်မိန်းကလေးကို တွေ့ခဲ့ပြီဖြစ်ကြောင်း ပြောပြသည်။

"သွားအိပ်စမ်းပါ အက်ဒီရာ" အစ်ကိုကြီးက ညည်းသည်။

ဝေါ...။ သောင်ပြင်ပေါ် ပြေးတက်လာသော လှိုင်းလုံးကြီးတစ်လုံး ဦးကျိုးသွားသည်။ အက်ဒီက သူ မမြင်လို မတွေ့လိုသော အရာတစ်ခုကို ချောင်းဟပ်ထုတ်သည်။ ပြီးတော့ ထိုအရာကို ထွေးထုတ်သည်။

ဝေါ...။ သူသည် မာဂရက် အကြောင်း အတောမသတ် တွေးနေကျ။ ခုတော့ သိပ်အတောမသတ် မတွေးဖြစ်တော့။ မာဂရက်ဆိုတာက ပတ်တီးဟောင်းကြီးအောက်က အနာဟောင်းတစ်ခုနှင့်တူသည်။ ခုတော့ သူသည် ပတ်တီးစည်းလျက်ကြီးနှင့် ပိုပိုပြီး နေသားကျလာပြီ။

ဝေါ...။

m.gyoe.com

mgyoe.com


ရေယုန်ဆိုတာတွေက... ဘာတွေလဲ။

ဝေါ...။

လောကမှာ အသက်ရှင်နေထိုင်ဖို့ ဆယ့်ခြောက်မိနစ်ပဲ ကျန်တော့သည်။

* * *

ဘယ်ဇာတ်လမ်းမျှ သူ့ဘာသာသူ သီးသန့်ကလေး ငြိမ်မနေ။ တစ်ခါတစ်ခါတွင် ဇာတ်လမ်းများသည် လမ်းထောင့်များတွင် တွေ့ဆုံကြ၏။ တစ်ခါတစ်ခါကြတော့လည်း ဇာတ်လမ်းတစ်ပုဒ်က ကျန်ဇာတ်လမ်းတစ်ပုဒ်ကို လုံးလုံးလျားလျား ဖုံးလွှမ်းသွားတတ်သည်။ မြစ်တစ်စင်း၏ ကြမ်းပြင်မှာရှိသည့် ကျောက်တုံးကျောက်ခဲတွေလိုပေါ့။

အက်ဒ့်ဇာတ်လမ်းအဆုံးကို အပြစ်ကင်းသလိုရှိသော တခြားဇာတ်လမ်းတစ်ပုဒ်က လာထပ်သည်။ လွန်ခဲ့သော သုံးလေးလအကြာ၊ တိမ်ထူသော ညတစ်ညတွင် လူငယ်တစ်ယောက်သည် သူ့သူငယ်ချင်း သုံးဦးနှင့်အတူ ရှုဘီပိုင်ယာသို့ရောက်လာသည်။

နစ်ကီဟုခေါ်သည့် ထိုလူငယ်သည် ကားမောင်းတတ်စပဲ ရှိသေးသည်။ သူသည် သော့တွဲကိုင်နေမကျသေး။ သော့တွဲတကိုင်ကိုင် လုပ်နေရတာကို စိတ်မလွတ်လပ်သလို ခံစားရသည်။ သည်တော့ တစ်ချောင်းတည်းသော မော်တော်ကားသော့ကို သော့တွဲမှဖြုတ်သည်။ သော့ကို ဂျာကင်အင်္ကျီအိတ်ထဲထည့်ပြီး ဂျာကင်အင်္ကျီကို သူ့ခါးမှာ ပတ်ထားသည်။

နောက်ထပ် နာရီအနည်းငယ်ကြာအောင် သူတို့သူငယ်ချင်းတစ်စုသည် အရှိန်အပြင်းဆုံး ပြေးနှုန်းအမြန်ဆုံးယာဉ်များ စီးကြသည်။ သိမ်းပျံယာဉ်၊ ပင်လယ်ပြင်မှာထိုးဆင်းသည့် အာကာသယာဉ်၊ ဖရက်ဒီဖရီး

mgyoe.com

mgyoe.com


ဖောလ်၊ သရဲရထား။

"လက်တွေ လေထဲမြှောက်ထားကြယော့" သူတို့အထဲမှ တစ်ယောက်ကအော်သည်။

သူတို့အားလုံး လက်တွေ မြှောက်လိုက်ကြ၏။

နောက်ပိုင်း အမှောင်သန်းလာတော့ ကားရပ်ကွင်းဆီသို့ သူတို့ပြန်လာကြသည်။ ခြေကုန်လက်ပန်းကျနေသော သူတို့သည် တဝါးဝါးတဟားဟားရယ်ရင်း စက္ကူအညိုအိတ်တွေထဲက ဘီယာကို သောက်ကြ၏။ နစ်ကီက သူ့ဂျာကင်အင်္ကျီအိတ်ထဲ နှိုက်သည်။ လျှောက်စမ်းကြည့်သည်။ သူ ဆဲပစ်လိုက်သည်။

မော်တော်ကားသော့ အိတ်ထဲမှာမရှိတော့။

* * *

အက်ဒီ သေဆုံးချိန်ရောက်ဖို့ ဆယ့်လေးမိနစ်အလို။ သူက သူ့နဖူးကို လက်ကိုင်ပဝါဖြင့် သုတ်သည်။ ပင်လယ်ပြင်ထဲမှာတော့ နေခြည်စိန်ပွင့်များသည် ရေပြင်ပေါ်မှာ ကခုန်မြူးထူးနေ၏။ စိန်ပွင့်ကလေးများ၏ သွက်လက်မြူးကြွသော လှုပ်ရှားမှုများကို အက်ဒီ ငေးစိုက်ကြည့်နေသည်။ သူကတော့ စစ်ပြီးကတည်းက ခြေထောက်တွေကို သိပ်ပြီးအားထားလို့မရတော့။

သို့သော် ငွေကြယ်မှုန်တီးဝိုင်းကြီးရှေ့မှာ မာဂရက်နှင့် တွဲကတုန်းကတော့ သူသည် လှပတင့်တယ်အောင် ကနေနိုင်သေးသည်။ သူ့မျက်လုံးတွေ မှိတ်လိုက်၏။ ပြီးတော့ သူတို့နှစ်ဦးကို နှစ်ကိုယ့်တစ်စိတ်ဖြစ်သွားစေသည့် တေးသီချင်းကို ဆင့်ခေါ်လိုက်၏။ ဟိုဇာတ်ကားထဲမှာ ဂျူဒီဂါးလင်း ဆိုသွားသည့်သီချင်းလေ။ သူ့ခေါင်းထဲမှာပေါ်လာသည့် သီချင်းသံသည် လှိုင်းဆောင့်သံတွေ၊ ချားများ၊ ရဟတ်များပေါ်က ကလေး

mgyoe.com

mgyoe.com


များ၏ အော်ဟစ်မြူးထူးသံတွေနှင့် ထွေးရောယှက်တင်ဖြစ်နေသည်။

"တို့ မင်းကိုချစ်လာအောင် မင်းဆွဲဆောင်ခဲ့တယ်"

ဝုန်း...

"....... ချင်ပါဘူး၊ တို့လေ... မင်းကို မချစ်ချင်ပါဘူး"

ဝေါ...

"ချစ်လာအောင် မင်း ဆွဲဆောင်ခဲ့တယ်"

အိး... ယား...

"အဲဒီအချိန်မှာ မင်း သိနေပြီးသားပါ၊ ပြီးတော့ အချစ်တွေ အားလုံး"

ရှိုး...

"... သိနေပြီးသားပါ"

သူ့ပခုံးနှစ်ဖက်ပေါ်မှာတင်ထားသည့် မာဂရက်၏လက်များကို သတိရတမ်းတမိသည်။ အမှတ်တရပုံရိပ်တွေ ပိုပြီး ကြည်လင်နီးကပ်လာအောင် သူ့မျက်လုံးများကို တအားမှိတ်ထားလိုက်၏။

ရှင်သန်နေထိုင်ချိန် ဆယ့်နှစ်မိနစ်သာ ကျန်တော့သည်။

"တစ်ဆိတ်လောက်"

ကလေးမကလေးတစ်ယောက်။ သူ့အပေါ်ထိုးနေသည့် နေခြည်ကိုပိတ်ပြီး သူ့ရှေ့မှာ လာရပ်သည်။ ရှစ်နှစ်သမီးလောက် ရှိရော့မည်။ ကောက်ထားသော ဆံပင်များက ရွှေဝါရောင်။ ညှပ်ဖိနပ်တွေ စီးထားသည်။ အပြာရောင်ဂျင်းဘောင်းဘီတိုနှင့် စိမ်းဝါရောင်တီရှပ် ဝတ်ထားသည်။ တီရှပ်ရှေ့ခြမ်းတွင် ဘဲရုပ်ကာတွန်းပုံ ရိုက်နှိပ်ထားသည်။ အေမီလားမသိ။ သူ့နာမည်က အေမီ (သို့မဟုတ်) အင်နီ။ သည်ကောင်မလေးသည်နွေမှာ တော်တော်အလာများသည်။ သို့ပေမဲ့ သူ့ဖခင်တို့၊ မိခင်တို့ကိုတော့ အက်ဒီ တစ်ခါမျှ မတွေ့ဘူးခဲ့။

"ပြုပြင်ထိန်း ဦးအက်ဒီ၊ သမီးကို ခွင့်လွှတ်နော်"

mgyoe.com

mgyoe.com


အက်ဒီ သက်ပြင်းချသည်။ "အက်ဒီလို့ပဲ ခေါ်ပါကွာ"

"အက်ဒီ"

"အင်း... ပြော"

"သမီးကိုလေ...၊ ဦး... ဟိုဟာလုပ်ပေး"

ချာတိတ်မက ဆုတောင်းသလို လက်နှစ်ဖက်ပူးပြီး လက်အုပ်ချီထားသည်။

"ကဲ... ပြောစရာရှိတာ ပြောလေကွာ၊ ငါ့မှာ တစ်နေကုန် အားနေတာ မဟုတ်ဘူးကွ"

"သမီးကိုလေ... အကောင်လေးတစ်ကောင် လုပ်ပေးလို့ရမလား၊ ဦးအက်ဒီကြီး လုပ်ပေးတတ်လားဟင်"

အက်ဒီ မော့ကြည့်သည်။ လုပ်ပေးတတ်၊ မတတ် ကြဲဆရမည့်နှယ်။ ထို့နောက် သူ့ရှပ်အင်္ကျီအိတ်ထဲနှိုက်ပြီး ဆေးတံဆေးချေးထိုးတံ အဝါရောင်နန်းကြိုးသုံးချောင်း ထုတ်ယူသည်။ တကယ်တော့ သည်နန်းကြိုးတွေ ဆောင်ထားသည်မှာ ဆေးတံဆေးချေး သန့်အောင်သုတ်သင်ဖို့ပဲ ဖြစ်၏။

"ဟုတ်ကဲ့" ကလေးမကလေး လက်ခုပ်လက်ဝါးတီးပြီး ကြွေးကြော်သည်။

အက်ဒီက ဆေးချေးသန့် နန်းကြိုးများကို စတင်ကောက်သည်။ ကွေးသည်၊ လိမ်သည်။

"ညည်းမိဘတွေရော..."

"ရဟာတ်စီးနေကြတယ်"

"ညည်းမပါဘဲနဲ့... ဟုတ်လား"

ကောင်မကလေး ပခုံးတွေ တွန့်လိုက်၏။

"မေမေက သူ့လူနဲ့လေ"

mgyoe.com

mgyoe.com


အက်ဒီ မော့ကြည့်၏။ ဩော်...။

နန်းကြိုးတွေကို အခွေကလေး တော်တော်များများဖြစ်အောင် ခွေ၏။ ထို့နောက် အခွေကလေးတွေကို တစ်ခုနှင့်တစ်ခု လိမ်ပတ်လိုက်သည်။ ခုဆို သူ့လက်တွေ တုန်နေပြီ။ သည်တော့ သည်အရုပ်ကလေး လုပ်ဖို့ ကြာသင့်သည်ထက် ပိုကြာနေ၏။ သို့သော် မကြာမီအတွင်း ဆေးချေးသန့် နန်းကြိုးကလေးများသည် ဦးခေါင်းတစ်လုံး၊ ခန္ဓာကိုယ်တစ်ခုနှင့် အမြီးတစ်ခုပုံ ပေါက်လာသည်။

"ယုန်ကလေးလား"

ကလေးမကလေး မေး၏။

အက်ဒီ မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

"ကျေး... ဇူး... နော်..."

ပြောပြောဆိုဆို ချာခနဲ လှည့်ပြေးသည်။ မိမိတို့ခြေထောက်တွေ လှုပ်ရှားသွားလာနေပါကလားဆိုတာပင် မေ့လျော့နေသည့် ကလေးအုပ်စုထဲ တိုးဝင်ပျောက်ကွယ်သွားသည်။ အက်ဒီက နဖူးကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြန်သည်။ ထို့နောက် မျက်စိတွေမှိတ်၊ သောင်ပြင် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်၊ ပြီးတော့ စောစောက သီချင်းဟောင်းကို ခေါင်းထဲပေါ်လာအောင် အားထုတ်သည်။

စင်ရော်တစ်ကောင် ခေါင်းပေါ်မှ ကျော်ဖြတ်ပျံသန်းရင်း စူးစူးရှရှ အော်မြည်သွားသည်။

* * *

လူတွေသည် သူတို့၏ နောက်ဆုံးစကားများကို ဘယ်လိုရွေးချယ်သုံးနှုန်းပြောဆိုသွားကြသလဲ။ ၎င်းစကားလုံးများ၏ လေးနက်မှု အတိုင်းအတာကို သူတို့ သဘောပေါက်ရဲ့လား။ ၎င်းစကားလုံးများသည် ဉာဏ်

mgyoe.com

mgyoe.com


အမြော်အမြင်ကြီးသော အတွေးအခေါ်များ ဖြစ်လာနိုင်သလား။

သူ၏ ၈၃ နှစ်မြောက်မွေးနေ့အရောက်တွင် အက်ဒီ အလေးထား ဂရုစိုက်ခဲ့သူတွေ အားလုံးနီးပါး မရှိကြတော့။ တချို့က ငယ်ငယ်ရွယ်ရွယ်နှင့် သေကုန်ကြသည်။ တချို့ကတော့ အသက်အရွယ် အိုမင်းရင့်ရော်သည်အထိ အသက်ရှင်နေထိုင်ခွင့်ရသွားကြသည်။ နောက်တော့လည်း ရောဂါတစ်မျိုးမဟုတ် တစ်မျိုးက၊ သို့မဟုတ် မတော်တဆထိခိုက်မှု တစ်ခုခုက... သူတို့ကို ခေါ်ငင်သွားကြလေသည်။ သူတို့၏ဈာပန အခမ်းအနားများတွင် သူတို့၏ နောက်ဆုံးစကားများကို အသုဘပို့သူများ ပြန်လည်ပြောပြသည်ကို အက်ဒီ နားထောင်ခဲ့ဖူးသည်။ "သူဟာ... သူသေ တော့မှာကို သိနေသလိုပဲ" ဟု တချို့က ပြောကြသည်။

ထိုစကားကိုတော့ အက်ဒီက လုံးဝမယုံခဲ့။ သူသိသလောက် ပြောရလျှင် သေချိန်တန်လျှင် သေသွားသည်။ ဒါလောက်ပါပဲ။ သင်သေရွာသို့အသွားတွင် လိမ္မာပါးနပ်သော စကားတစ်ခွန်းတလေ ပြောကောင်း ပြောသွားမည်။ ထို့နည်းတူ တုံးတုံးအအ မိုက်မိုက်မဲမဲစကားမျိုး ပြောချင်လည်း ပြောသွားနိုင်သည်။

မှတ်တမ်းမှတ်ရာအဖြစ် ပြောရလျှင်... အက်ဒီ ပြောသွားသည့် နောက်ဆုံးစကားလုံးများမှာ "နောက်ဆုတ်" ဟူ၍ဖြစ်ပေမည်။

* * *

ကမ္ဘာမြေကြီးပေါ်တွင် အက်ဒီ အသက်ရှင်နေသည့် နောက်ဆုံးမိနစ်ပိုင်းများတွင် ကြားရသည့်အသံများမှာ အောက်ပါအတိုင်းဖြစ်၏။

လှိုင်းပုတ်သံ တဝုန်းဝုန်း။ ခပ်လှမ်းလှမ်းဆီမှ လွင့်ပျံလာသော ရော့ခ်ဂီတသံသဲ့သဲ့။ စက်နှစ်လုံးတပ် လေယာဉ်ကလေးတစ်စင်း၏ စက်သံ တဝီဝီ။ လေယာဉ်အမြီးတွင် ကြော်ငြာတစ်ခု ချိတ်ဆွဲလာသည်။

mgyoe.com

mgyoe.com


နောက်ထပ် အသံတစ်ခုကတော့ ..။

"အလို... ဘုရားရေ...၊ ဟိုမှာ..."

အက်ဒ့်မျက်လုံးတွေ ကြော်ငြာစာတမ်း၏ အောက်ဘက်သို့ ရွေ့လျား သွားသည်။ နှစ်ပေါင်းများစွာအတွင်း သူသည် ရူဘီပိုင်ယာမှာ ကြားနေကျ အသံဗလံကလေးတိုင်းကို နားယဉ်နေပြီးသား။ ထိုအသံဗလံ အားလုံး ကို သားချော့တေးလို နားဆင်ရင်း သူ အိပ်လို့ရသည်။

ယခု သည်အသံကတော့ သားချော့နေသည့် တေးသံမဟုတ်။

"အလို... ဘုရားရေ...၊ ဟိုမှာ..."

အက်ဒီ ဆတ်ခနဲ ခါးမတ်လိုက်၏။ ဝတုတ်တိုလက်မောင်းများဖြင့် ဈေးဝယ်အိတ်တစ်လုံးကိုင်ထားသည့် မိန်းမဝဝကြီးတစ်ဦးက လက်ညှိုး ညွှန်ပြီး သံကုန်အော်ဟစ်နေသည်။ လူစုကလေးတစ်ခု သူ့ဝန်းကျင်မှာ ဝိုင်းအုံလာသည်။ သူတို့မျက်လုံးတွေက မိုးကောင်းကင်ဆီမှာ။

ထိုအရာကို အက်ဒီ ချက်ချင်းမြင်လိုက်၏။ ဖရက်ဒီ ဖရီးဖောလ် ရဟတ်ကြီး၏ထိပ်မှာ။ သည်ထိတ်ရင်ဖို ရဟတ်အသစ်ကြီး။ ဆွဲထား သည့် ပုခက်တွေထဲမှ ပုခက်တစ်လုံးသည် ဘေးစောင်းကြီး ဖြစ်နေသည်။ သူ့ရင်ခွင်ထဲတွင် ပွေ့ထားသည့်လူများကို သွန်ချပစ်တော့မည့်ပုံ။ စီးနင်းလိုက်ပါလာသူလေးဦး။ ယောကျ်ားနှစ်ယောက်၊ မိန်းမ နှစ်ယောက်။ သူတို့ကိုထိန်းထားသည်မှာ ရင်တားမင်းတုပ်ပဲရှိသည်။ သူတို့က ကြောက်အားလန့်အားဖြင့် မီရာမီရာကို ဖမ်းဆွဲဖက်တွယ်ဖို့ ကြိုးစားနေကြသည်။

"ဒုက္ခပဲ... ဒုက္ခပဲ၊ အဲဒီလူတွေ ပြုတ်ကျတော့မှာပဲ"

မိန်းမဝဝကြီးက အော်ဟစ်နေ၏။

အက်ဒ့် ခါးပတ်မှာချိတ်ထားသည့် ရေဒီယိုမှ အသံစူးစူးထွက်လာ သည်။

mgyoe.com

mgyoe.com


"အက်ဒီ... အက်ဒီ"

သူက ခလုတ်ကို နှိပ်လိုက်သည်။

"ငါတွေ့တယ်၊ လုံခြုံရေးကိုခေါ်..."

လူတွေ သဲသောင်ပြင်ပေါ်မှ ပြေးတက်လာကြသည်။ သူတို့အားလုံး ဤလှေကျင့်ခန်းကို လှေကျင့်ထားကြသည့်နှယ်။

"ကြည့်... ဟိုးအပေါ်ကိုကြည့်၊ အပျော်စီးရဟတ်ကြီးက မကောင်းဆိုးဝါးကြီးဖြစ်သွားပြီ"

အက်ဒီ သူ့ကြိမ်တုတ်ကို ကောက်ကိုင်ပြီး ပလက်ဖောင်းအခြေကို ပတ်ရံကာထားသည့် အန္တရာယ်ကင်းစည်းရိုးဆီသို့ ခြေသံပြင်းပြင်းနှင့် ကိုရို့ကားရား ပြေးသွားသည်။ ခါးမှာချိတ်ဆွဲထားသည့် သော့တွဲမှ သော့တွေက သူ့တင်ပါးကို ရိုက်ခတ်ပြီး တချွင်ချွင်မြည်သံပေးနေသည်။ သူ့ရင်ခုန်သံတွေ အရမ်းမြန်နေသည်။

ဖရက်ဒီရဟတ်ကြီးတွင် ချိတ်ဆွဲထားသော ပုခက်တွေထဲမှ ပုခက်နှစ်လုံးသည် စီးသူတွေ အသည်းအူတွေ ပြောင်းပြန်လန်လောက်အောင် အောက်သို့ ဝေါခနဲထိုးဆင်းလာရမည်။ အောက်နားရောက်မှ ဟိုက်ဒရောလစ်ဘရိတ်တွေ ရှူးခနဲမြည်ပြီး တုံ့ခနဲ ရပ်သွားရမည်။ ယခု ထိုးဆင်းလာရမည့် ပုခက်နှစ်လုံးအနက် တစ်လုံးက ဘယ်လိုဖြစ်ပြီး ကတိမ်းကပါးဖြစ်နေရသလဲ။ ထိုပုခက်သည် အထက်ပလက်ဖောင်း အောက်နားကလေးတွင် စောင်းစောင်းကြီးဖြစ်နေသည်။ ဝေါခနဲ ဆင်းလာပြီးမှ ရုတ်တရက် စိတ်ပြောင်းသွားသည့်နှယ်။

အက်ဒီ ဂိတ်ပေါက်သို့ရောက်သည်။ အသက်ကို မနည်းကြီး လုရှူနေရသည်။ ဒိုမင်ဂက်ဇ်လည်း သေပြေးရှင်ပြေး ပြေးလာရာ အက်ဒီကို ဝင်တိုက်မိတော့မတတ် ဖြစ်သွားသည်။

"ငါပြောတာ နားထောင်စမ်း"

mgyoe.com

mgyoe.com


ဒိုမင်ဂက်ဇ်၏ ပခုံးနှစ်ဖက်ကိုဆွဲကိုင်ပြီး အက်ဒီက ပြောသည်။ သူ့ဖျစ်ညှစ်အားက တင်းကျပ်မြဲမြံလှသည်။ ဒိုမင်ဂက်ဇ်ကမျက်နှာကို ရှုံ့မဲ့ထားသည်။

"ငါပြောတာ နားထောင်စမ်း၊ အပေါ်မှာ တာဝန်ကျတာ ဘယ်သူလဲ"

"ဝီလီ .."

"ကောင်းပြီ၊ အရေးပေါ်ရပ်တဲ့ခလုတ်ကို သွားထိမိတာဖြစ်မယ်။ ဒါကြောင့် အဲဒီပုခက် တန်းလန်းဖြစ်နေတာ၊ ကပ်လှေကားကနေတက်ပြီး ဝီလီကိုပြော၊ အန္တရာယ်ကင်းအထိန်းတွေကို လက်နဲ့ဖြုတ်ပေးလို့၊ ဒါမှ အဲဒီလူတွေ ထွက်လို့ရမယ်၊ ဟုတ်ပြီလား၊ အဲဒီအထိန်းက ပုခက်ရဲ့ကျောဘက်မှာရှိတယ်၊ ဒီတော့... သူ ခါးကိုင်းပြီး ဖြုတ်ပေးနေချိန်မှာ မင်းက သူ့ကိုဖက်ထားပေး၊ ဟုတ်ပြီလား၊ ဒါဆို... ဒါဆို မင်းတို့နှစ်ယောက်၊ မင်းတို့နှစ်ယောက်နော်၊ တစ်ယောက်တည်းမဟုတ်ဘူး၊ သဘောပေါက်လား၊ မင်းတို့နှစ်ယောက် ဟိုလူတွေထွက်လို့ရအောင် သွားကယ်တော့၊ တစ်ယောက်က တစ်ယောက်ကို ဖက်ထား၊ နားလည်တယ်နော်၊ *နားလည်ရဲ့လား*"

ဒိုမင်ဂက်ဇ် ကမန်းကတန်း ခေါင်းညိတ်သည်။

"ပြီးရင် အဲဒီသောက်ပုခက်ကို အောက်ချပေး၊ ဒါမှ ဘာဖြစ်တာလဲ ကြည့်လို့ရမယ်"

အက်ဒီ့နားထင်ကို သွေးတဒိုင်းဒိုင်းတိုးနေသည်။ သူ့ဥယျာဉ်တွင် ကြီးကြီးကျယ်ကျယ် မတော်တဆ ထိခိုက်မှုတွေ မဖြစ်ခဲ့ဖူးသော်လည်း သူတို့လုပ်ငန်းတွင် ဖြစ်ပေါ်တတ်သော ထိတ်လန့်ချောက်ချားဖွယ် ဇာတ်လမ်းများကိုတော့ သူ ကြားဖူးနေသည်။

တစ်ခါက ဘရိုက်တန်တွင် လူစီးမီးပုံးပျံ၏ ဘေးဆီးရန်ကာ မင်းတုပ်ပြုတ်ထွက်ပြီး လူနှစ်ယောက် ကျသေဖူးသည်။ နောက်တစ်ခါ

mgyoe.com

mgyoe.com


တော့ ဝမ်းဒါးလင်းအပန်းဖြေဥယျာဉ်မှာ လူတစ်ယောက်က ရိုလာကို စတာပြေးသည့် သံလမ်းကို ဖြတ်လျှောက်ဖို့အားထုတ်သည်။ သူသည် သံလမ်းကြားထဲ ကျွံကျပြီး သံလမ်းနှစ်ချောင်းသည် သူ့ချိုင်းအောက် ရောက်ကာ တိုးလိုးတန်းလန်းကြီးဖြစ်နေသည်။ သံလမ်းနှစ်ချောင်းကြား မှာ ညပ်နေသော သူက သံကုန်ကျူးအော်သည်။ သို့သော် လူစီးတွဲတွေ က သူ့ဆီပြေးလာနေသည်။ နောက်ပြီး... အင်း... ထိုအဖြစ်ကတော့ အဆိုးဆုံးပင်။

အနိဋ္ဌာရုံအတွေးကြီးကို အက်ဒီ ခေါင်းထဲမှ ခါထုတ်လိုက်၏။ ယခုဆို သူ့ပတ်လည်မှာ လူတွေဝိုင်းနေပြီ။ ပါးစပ်ပေါ် လက်တွေအုပ် လျက်။ ကပ်လှေကားပေါ်သို့ ဒိုမင်ဂက်ဇ် တက်သွားသည်ကို ဝိုင်းကြည့် နေကြသည်။ အက်ဒီက ဖရက်ဒီဖရီးဖောလ် ရဟတ်ကြီး အတွင်းပိုင်းဖွဲ့ စည်းပုံကို ပြန်စဉ်းစားကြည့်သည်။ *အင်ဂျင်၊ ဆလင်ဒါတွေ၊ ဟိုက် ဒရောလစ်စက်တွေ၊ ဆီ၊ ရေ၊ လေ၊ အလုံပိတ်သည့် ရော်ဘာပြားတွေ၊ သံနန်းလွန်းကြိုးတွေ...။*

အပေါ်ပလက်ဖောင်းပေါ်သို့ ဒိုမင်ဂက်ဇ် ရောက်သွားပြီ။ သူက သူ့ကို အက်ဒီ မှာလိုက်သည့်အတိုင်း လုပ်သည်။ ပုခက်၏နောက်ဘက်ကို လက်လှမ်းမီအောင် ဝိလီ ရှေ့သို့ ခါးကိုင်းပြီး အလုပ်လုပ်တော့ ဒိုမင်ဂက်ဇ် က ဝိလီကို ဖက်ပြီး ထိန်းပေးထားသည်။ ပုခက်ထဲမှ အမျိုးသမီးတစ်ဦး က ဝိလီကို အသည်းအသန် ဖမ်းဆွဲရာ ဝိလီ ပလက်ဖောင်းပေါ်မှ ပြုတ်ကျ မတတ်ဖြစ်သွားသည်။ ဝိုင်းကြည့်လူအုပ်ကြီး အသက်ရှူမှားသွားသည်။

"နေဦး" အက်ဒီ သူ့ကိုယ်သူ သတိပေးသည်။

ဝိလီ နောက်တစ်ကြိမ် ကြိုးစားသည်။ သည်တစ်ချီတော့ အန္တရာယ်ကင်းအထိန်းကို ဖြုတ်ပေးလိုက်နိုင်၏။

"သံနန်းကြိုး" အက်ဒီ ရေရွတ်၏။

mgyoe.com

mgyoe.com


ရင်တားမင်းတုပ်ကို မ,တင်လိုက်ကြ၏။ ဝိုင်းကြည့်အုပ်စုထံမှ "အဲ... ဟုတ်ပြီ" ဟူသောအသံထွက်လာသည်။ ရဟတ်စီးခရီးသည်လေးဦးကို ပလက်ဖောင်းပေါ်သို့ ခပ်သွက်သွက် တွဲချပေးလိုက်သည်။

"သံနန်းကြိုးကအစတွေ ဖွာထွက်နေတာဖြစ်ရမယ်"

အက်ဒီ တွက်တာမှန်သည်။ ဖရက်ဒီဖရီးဖောလ်ရဟတ်ကြီး၏ အခြေပြုရုံကလေးထဲ မျက်ကွယ်ရာတွင် သံနန်းကြိုးလွန်းတွေ ရှိသည်။ လွန်းကြိုးတစ်ချောင်းက ပုခက်နံပါတ် ၂ ကို ဆွဲတင်သည့်ကြိုး။ ၎င်းလွန်းကြိုးသည် မလည်တော့သော စက်သီးနှင့်ပွတ်တိုက်နေသည်မှာ လပေါင်းအနည်းငယ်ကြာနေပြီ။ စက်သီးက မလည်တော့ဘဲရှိရာ ကြာရှည်ပွတ်တိုက်လာတော့ သံမဏိနန်းကြိုးတွေ တဖြည်းဖြည်းပွန်းပဲ့လာပြီး ပြတ်လုဆဲဆဲဖြစ်လာသည်။ ဒါကို ဘယ်သူမှ သတိမထားမိ။ ဘယ်လိုသတိထားမိမည်လဲ။ အောက်ခြေရုံကလေးထဲ တွားဝင်ပြီး စက်ယန္တရားတွေကို စစ်ဆေးကြည့်မှ ဖြစ်နိုင်ခြေ အလားအလာနည်းလှသည့်ပြဿနာကို မြင်တွေ့မည်ဖြစ်၏။

စက်သီးကြားထဲတွင် အရာဝတ္ထုသေးသေးလေးတစ်ခု ညပ်နေသည်။ သည်ဟာကလေးသည် ရုံကလေးတွင် ပွင့်ဟာနေသည့် တစ်နေရာရာမှ အချိန်ကိုက်ကလေး တန်းတန်းမတ်မတ် ဝင်လာတာဖြစ်မည်။

မော်တော်ကား... သော့ကလေးတစ်ချောင်း။

* * *

"ပုခက်ကို အောက်မချနဲ့တော့"

အက်ဒီ သံကုန်အော်သည်။ လက်တွေလည်း ဝှေ့ယမ်းပြသည်။

"ဟေး... ဟေ့ကောင်တွေ၊ ပြဿနာက သံနန်းကြိုးကွ၊ ပုခက်ကို လွှတ်မချလိုက်နဲ့၊ သံနန်းကြိုး ပြတ်သွားလိမ့်မယ်"

mgyoe.com

mgyoe.com


လူအုပ်၏အသံက သူ့အသံကို အုပ်သွားသည်။ ပုခက်ထဲမှ နောက်ဆုံး... လူကို ဝီလီနှင့် ဒိုမင်ဂက်ဇ်တို့ အောင်အောင်မြင်မြင် ကယ်ထုတ်လိုက်တော့ ပရိသတ်က အုတ်အော်သောင်းတင်း အော်ဟစ် အားပေးကြသည်။ လေးယောက်စလုံး အန္တရာယ်ကင်း ဘေးရှင်းသွားပြီ။ အပေါ် ပလက်ဖောင်းပေါ်တွင် လေးယောက်သားတစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ထားကြသည်။

"ဒွန်ရေ... ဟေး... ဝီလီ"

အက်ဒီ ကျုံးအော်၏။ သူ့ခါးကို တစ်စုံတစ်ယောက်က ဝင်တိုက်သည်။ သူ့လမ်းလျှောက်စကားပြောစက် မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်။ စက်ကလေးကို ကုန်းကောက်သည်။ ဝီလီက ထိန်းချုပ် ခလုတ်များရှိရာသို့သွားသည်။ အစိမ်းရောင်ခလုတ်ပေါ်တွင် သူ့လက်ကို တင်လိုက်၏။ အက်ဒီ မော့ကြည့်သည်။

"မလုပ်နဲ့၊ မလုပ်နဲ့၊ မနှိပ်လိုက်နဲ့ဦး"

အက်ဒီ လူအုပ်ဘက် လှည့်လိုက်သည်။

"နောက်ဆုတ်ကြ..."

အက်ဒီ့အသံထဲမှ တစ်စုံတစ်ခုက လူတွေ၏အာရုံကို ဖမ်းစားလိုက်တာဖြစ်မည်။ သူတို့ အော်ဟစ်ချီးကျူးနေတာတွေ ရပ်ပြီး လူစုကွဲသွားသည်။ ဖရက်ဒီရဟတ်ကြီး၏အခြေတွင် ကွက်လပ်ကြီးဖြစ်သွားသည်။

ထိုအခိုက်မှာပင် အက်ဒီ့ဘဝတွင် နောက်ဆုံးမျက်နှာကလေး တစ်မျက်နှာကို တွေ့လိုက်ရ၏။

ကလေးမကလေးသည် ရဟတ်၏ အခြေသံတိုင်ပေါ်မှာ မှောက်လျက်လဲနေသည်။ ထိုအထဲသို့ရောက်အောင် သူ့အား တစ်စုံတစ်ဦးက တွန်းလှဲခဲ့သည့်အလား။ ကောင်မလေးက နှာရည်တွေရွှဲပြီး မျက်ဝန်းတွင် မျက်ရည်တွေ ပြည့်လျှံနေ၏။ ဆေးတံဆေးချေးသနံ့သည့် နန်းကြိုး

mgyoe.com

mgyoe.com


ယုန်ရုပ်နှင့် ကောင်မလေး။ အေမီလား... အင်နီလား မသိ။

"မေမေ... မေမေ... မေမေရေ"

ချာတိတ်မက ရှိုက်ကာ ရှိုက်ကာ အော်ခေါ်သည်။ သူ့ခေါ်သံက စည်းချက်ညီညီခေါ်နေသည့်နှယ်။ ကလေးတွေငိုလျှင် ဖြစ်တတ်သည့် အတိုင်း သူ့ခန္ဓာကိုယ်ကလေးသည် မလှုပ်နိုင်မရှားနိုင် အကြောတွေ ဆိုင်းနေသည်။

"မေမေ... မေမေ... မေမေရေ..."

အက်ဒီမျက်လုံးတွေ ကလေးမကလေးဆီမှ ပုခက်များဆီသို့ ရောက်သွားသည်။ အချိန်မီပါ့မလား။ ပုခက်များအောက်သို့ သည် ကလေးမ မရောက်အောင်တားဖို့။

ဝှီး...။ သွားပြီ။ သိပ်နောက်ကျသွားပြီ။ ပုခက်တွေ ကျလာပြီ။ *ဒုက္ခပဲ... ဒီကောင် ဘရိတ်တွေ လွှတ်ပေးလိုက်ပါပြီကော။* အက်ဒီ အတွက်ကတော့ အစစအရာရာ ရောထွေးနေသော လှုပ်ရှားမှုတစ်ခုဖြစ် နေ၏။ လက်ထဲကကြိမ်တုတ်ကို လွှတ်ချသည်။ မသန်သော ခြေထောက် ဆန့်ထုတ်လှမ်းသည်။ လဲကျမတတ် စူးစူးထိုးထိုး နာကျင်သွား၏။ နောက်ထပ်ခြေတစ်လှမ်း။ ဖရက်ဒီရဟတ်ဝင်ရိုးအတွင်းမှ သံလွန်ကြိုး သည် နောက်ဆုံးတောင့်ခံနိုင်အား ကုန်သွားပြီ။ ထောင်းခနဲ ပြတ်သွား သည်။ ပုခက်နံပါတ် ၂ သည် အထိန်းအကွပ်မဲ့ ပြုတ်ကျလာ၏။ ဘယ်အရာကမျှ မဟန့်တားနိုင်။ တောင်စောင်းမှ လိမ့်ဆင်းလာသော ကျောက်တုံးကြီးတစ်တုံးလို။

ထိုနောက်ဆုံး အခိုက်အတန့်ကလေးများတွင်... အက်ဒီသည် တစ်ကမ္ဘာလုံးမှ အသံများကို ကြားနေရသည်သို့ရှိ၏။ ခပ်ဝေးဝေးမှ လွင့်ပျံလာသော စူးစူးဝါးဝါး အော်ဟစ်သံများ၊ လှိုင်းပုတ်သံများ၊ ဂီတ သံ၊ အပြေးအလွှားဖြတ်တိုက်သွားသော လေတစ်သုတ်၏အသံ၊ နောက်

mgyoe.com

mgyoe.com


ပြီး ကျယ်လောင်သော နားဝင်ဆိုးသော ဝမ်းခေါင်းသံကြီးတစ်သံ။ သည်အသံကတော့ သူ့ရင်ထဲမှ ပွင့်ထွက်လာသောအသံမှန်း သူသိလိုက်သည်။ ကလေးမလေး လက်တွေ မြှောက်သည်။ အက်ဒီ သူ့ခန္ဓာကိုယ်ကို ရှေ့သို့ ပစ်ထိုးသည်။ သူသည် တစ်ဝက်ပျံသွားသည်။ တစ်ဝက်က ကလေးမကလေးဆီသို့ ဟပ်ထိုးဟပ်ထိုးသွားသည်။ သံပလက်ဖောင်းပေါ် လဲကျသည်။ သံတွေက ရုပ်အင်္ကျီကို အက်ဒီဆိုသည့်စာလုံးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုသည့် စာလုံးအထက်နားဆီမှ ထိုးဖောက်ပြီး အက်ဒ္ဒီအရေပြားကိုပါ ခွဲပစ်လိုက်သည်။ သူ့လက်ထဲတွင် လက်သေးသေးလေးနှစ်ဖက်ကို ကိုင်မိသည် ထင်မိ၏။

ယုံနိုင်စရာမရှိသော ထိတွေ့မှု။

မျက်စိတွေ ပြာဝေသွားလောက်သော ပြိုးပြက်ဝင်းလက်မှု။

ထို့နောက်မှာတော့... ဘာဆိုဘာမှုမသိ၊ နတ္ထိ။

▢

mgyoe.com

mgyoe.com

## ဒီနေ့ အက်ဒီမွေးနေ့

အချိန်ကာလက ၁၉၂၀ ပြည့်လွန်နှစ်တွေပေါ့။ နေရာက မြို့တော်ရဲ့ အဆင်းရဲ အမွဲတေဆုံး ရပ်ကွက်တစ်ခုက လူနာတွေနဲ့ မဆံ့မပြဲဖြစ်နေတဲ့ ဆေးရုံတစ်ရုံလေ။ အက်ဒီ့ဖေဖေက ညှော်သည်များ စောင့်ဆိုင်းခန်းမှာ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်နေတယ်။ အဲဒီအခန်းမှာ တခြားအဖေတွေလည်း စီးကရက်တွေ သောက်နေတာပဲ။ ကလစ်ညှပ်ကတ်ပြားကိုင်ထားတဲ့ သူနာပြုဆရာမ အခန်းထဲဝင်လာတယ်။ အမျိုးသမီးက သူ့နာမည်ကို ခေါ်တယ်။ ဒီကြားထဲ မချောက အသံထွက်မှားတော်မူနေသေးတယ်။ တခြားယောကျ်ားသားတွေက မီးခိုးတွေမှုတ်ထုတ်လို့ပေါ့။ ကဲ... ဘာများပါလိမ့်။

သူ လက်ထောင်ပြလိုက်တယ်။

"ဝမ်းသာပါတယ်ရှင်"

သူနာပြုမမက ပြောတယ်။

သူက မွေးစကလေးတွေ ပြုစုတဲ့ အခန်းရောက်အောင် စင်္ကြံလမ်းမအတိုင်း သူနာပြုမမနောက်က လိုက်သွားတယ်။ သူ့ရှူးဖိနပ်တွေက ကြမ်းပြင်ပေါ်မှာ ဒေါက်ဒက် ဒေါက်ဒက်နဲ့ပေါ့။

mgyoe.com

mgyoe.com


"ဒီမှာ စောင့်ပါ"

သူမက ပြောတယ်။

သစ်သားပုခက်တွေရဲ့နံပါတ်တွေ လိုက်စစ်နေတာကို မှန်ချပ်ကာ နံရံထဲက ဖောက်ထွင်းမြင်နေရတယ်။ ဆရာမက ပုခက်တစ်ခုကို ကျော်သွားတယ်။ သူ့ကလေးမဟုတ်။ နောက်တစ်ခုကျော်။ သူ့ကလေးမဟုတ်။ နောက်တစ်ခုကျော်။ သူ့ကလေးမဟုတ်။ နောက်တစ်ခုကျော်၊ သူ့ကလေးမဟုတ်။

ဆရာမ ရပ်လိုက်တယ်။ ဟိုမှာ စောင်အောက်မှာ အပြာရောင်ကက်ဦးထုပ်အောက်က ဦးခေါင်းပိစိညွှက်ကလေး။ ဆရာမက ကလစ်ညှပ်ကတ်ပြားကို ကြည့်ပြန်တယ်။ ပြီးတော့ လက်ညှိုးထိုးပြတယ်။

ဖခင်ကြီးက လေးလေးပင်ပင်ကြီး အသက်ရှူသွင်းတယ်။ ခေါင်းတဆတ်ညိတ်တယ်။ တဒင်္ဂအားဖြင့်တော့... သူ့မျက်နှာကြီး ဖြည်းဖြည်းချင်းပျက်သွားတယ်။ မြစ်ထဲကျိုးကျသွားတဲ့ တံတားတစ်စင်းလိုပေါ့။ အဲဒီနောက်မှ သူ ပြုံးလိုက်တယ်။

သူ့သား။

❒

mgyoe.com

mgyoe.com

# ဤခရီး

ကမ္ဘာမြေကြီးပေါ်တွင် သူ ကြုံခဲ့ရသည့် နောက်ဆုံးသမယ အဖြစ်အပျက်များကို အက်ဒီ ဘာတစ်ခုမျှမမြင်ရ။ အပန်းဖြေဥယျာဉ်အကြောင်း၊ သို့မဟုတ် လူအုပ်ကြီး၊ သို့မဟုတ် အစိတ်စိတ်အမြွာမြွာ ကွဲကြေနေသော ဖန်မျှင်ထည်ပုခက်အကြောင်း၊ ဘာဆိုဘာမျှမမြင်ရ။

သေလွန်ခြင်း၏ အခြားမဲ့အကြောင်း ဇာတ်လမ်းများတွင် လက်တွေ့ကမ္ဘာလောကမှ လူများကို နှုတ်ဆက်ခွဲခွာချိန်၌ သေသူ၏ဝိညာဉ်သည် လွင့်မျောနေတတ်ကြောင်း ကြားဖူးသည်။ အဝေးပြေးလမ်းမများတွင် ဖြစ်ပျက်သော မတော်တဆမှုများ၌ ဝိညာဉ်သည် ရဲကားအမိုးအပေါ်နားမှာ ဝေ့ဝဲလွင့်ပျံနေသည်ဆို၏။ သို့မဟုတ်ပါကလည်း ဆေးရုံအခန်းမျက်နှာကြက်များတွင် ပင့်ကူတစ်ကောင်လို တွယ်ကပ်နေတတ်သည်ဆို၏။ သူတို့ကား ဒုတိယအကြိမ် အခွင့်အရေးရသူများတည်း။ သူတို့သည် အကြောင်းတစ်ခုခုကြောင့်... တစ်နည်းတစ်ဖုံအားဖြင့်... ကမ္ဘာမြေကြီးပေါ်တွင် သူတို့နေရာ သူတို့ပြန်ယူခွင့်ရသူများ ဖြစ်ပေသည်။

mgyoe.com

mgyoe.com


ယခုပုံအတိုင်းဆိုလျှင်တော့ အက်ဒီသည် ဒုတိယအကြိမ် အခွင့်အရေး မရခဲ့ရှာပေ။

* * *

"ဘယ်မှာလဲ"

*"ဘယ်ရောက်သွားလဲ"*

*"ဘယ်မှာလဲ"*

မိုးကောင်းကင်အရောင်သည် စိမ်းဖျော့ဖျော့၊ ထို့နောက် စိမ်းပြာရောင်ရင့်ရင့်၊ ထို့နောက် အစိမ်းရောင်တောက်တောက်။ အက်ဒီ လွင့်ပျံနေသည်။ သူ့လက်များသည်... ရှေ့ဘက်သို့ ဆန့်တန်းထားဆဲ။

"ဘယ်ရောက်သွားလဲ"

ရဟတ်ထိပ်မှ ပုခက်က ပြုတ်ကျလာသည်။ ဒါကိုတော့ သူ သတိရသည်။ ကောင်မကလေးရော။ အေမီဆိုလား၊ အင်နီဆိုလား။ ကောင်မကလေးက ငိုနေသည်။ ဒါကိုလည်း သူ သတိရသည်။ သူ့ခန္ဓာကိုယ်ကို ရှေ့သို့ပစ်ထိုးလိုက်တာ သတိရသည်။ ပလက်ဖောင်းနှင့်ဆောင့်မိတာ... သတိရသည်။ သူ့လက်ထဲမှာ ဆုပ်ကိုင်မိသည့် လက်သေးသေးကလေးနှစ်ဖက်ကို မှတ်မိသည်။

*နောက်တော့ရော။*

*ငါ သူ့ကို ကယ်လိုက်နိုင်သလား။*

ဤပုံကို အက်ဒီ ဝေဝေဝါးဝါးပဲ ပုံဖော်လို့ရသည်။ ကြုံတွေ့ဖြစ်ပျက်ခဲ့သည်မှာ ဟိုးပဝေသဏီတုန်းကလို ပိုပြီးထူးဆန်းနေသေးသည်မှာ ထိုဖြစ်ရပ်နှင့်အတူ ဖြစ်ပေါ်ခဲ့သည့် စိတ်လှုပ်ရှားမှုဆိုလို့ ဘယ်လိုစိတ်လှုပ်ရှားမှုကိုမျှ ခံစားလို့မရခြင်းပင်။ သူ ခံစားလို့ရသည်မှာ... မိခင်၏ရင်ခွင်မှာ မှေးခိုနေရသည့် ကလေးတစ်ယောက်၏ အေးချမ်းငြိမ်သက်မှုမျိုး

mgyoe.com

mgyoe.com


သာဖြစ်၏။

"ဘယ်ရောက်ကုန်သလဲ"

သူ့ဝန်းကျင်ရှိ မိုးကောင်းကင်ကြီး အရောင်ပြောင်းသွားပြန်သည်။ ညိုဝါရောင်၊ ထို့နောက် အစိမ်းရင့်ရင့်၊ ထို့နောက် ပန်းရောင်။ သည်အရောင်ကိုတော့ တခြားအရောင်များထက် ပိုပြီးရင်းနှီးနေသည်။ ဘာကြောင့်ဆို... ထိုအရောင်နှင့် ဆက်စပ်လို့ရသော အရာတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သောကြောင့်ပင်။ ၎င်းအရာကား ငှက်သိုက်မုန့်။

"ငါ သူ့ကို ကယ်လို့ရခဲ့သလား"

"သူ အသက်ရှင်ကျန်ခဲ့သလား"

"ဘယ်ရောက်ကုန်ပြီလဲ"

"ငါ့ရဲ့သောကတွေ"

"ငါ့ဝေဒနာတွေရော ဘယ်ရောက်ကုန်ပြီလဲ"

လစ်ဟာနေသည်မှာ ထိုအရာပင်ဖြစ်၏။ သူ ခံစားခဲ့ဖူးသော နာကြည်းမှုမှန်သမျှ၊ သူခံစားခဲ့ဖူးသော ရင်နင့်မှုမှန်သမျှ... ဘာတစ်ခုမျှ မရှိတော့။ ၎င်းခံစားချက်တွေအားလုံး နှာခေါင်းထဲက ရှူထုတ်လိုက်သည့် လေတစ်သုတ်လို ချုပ်ငြိမ်းပျောက်ကွယ်နေလေပြီ။ မချိုတင်ကဲ ဝေဒနာကို သူ ခံစားလို့မရ။ ကြေကွဲဆွေးမြေ့မှုကို သူ ခံစားလို့မရ။ သူ့သိစိတ်ထဲတွင် ဘာမျှမစွမ်းဆောင်နိုင်သော ဝေဝါးမှုမျိုးကလွဲလျှင် ငြိမ်သက်အေးချမ်းမှုကိုပဲ ခံစားလို့ ရသည်။ တစ်စုံတစ်ခုသည် ဝဲလည်နေ၏။ ရေတွေ၊ သမုဒ္ဒရာကြီး၊ သူသည် အလွန်မတန် ကျယ်ပြောလှသော ဝါညစ်ညစ် ပင်လယ်ပြင်ကြီးပေါ်တွင် လွင့်မျောနေ၏။ ဟော... ယခု စိမ်းသွားပြီ။ ထို့နောက် နီလာရောင်။ ယခု သူ ပြုတ်ကျသွားပြီ။ ရေမျက်နှာပြင်ဆီသို့ တစ်ရှိန်ထိုးကျလာသည်။ ကျလာသည့်အရှိန်သည် သူစိတ်ကူးယဉ် လို့ရသည့် အရှိန်များထက် ပိုမြန်သည်။ သို့တိုင် သူ့မျက်နှာကို လေညင်း

mgyoe.com

mgyoe.com


ကလေးတစ်ဝေ့မျှ မတိုက်။ နောက်ပြီး ကြောက်စိတ်လည်းမပေါ်။ ရွှေဝါရောင်ကမ်းစပ်က သဲပွင့်များကို သူ မြင်လိုက်ရ၏။

ထို့နောက် သူ ရေအောက်ရောက်နေသည်။

ထို့နောက် အရာရာတိုင်းသည် အသံတိတ်နေ၏။

ငါ့ရဲ့ပူပန်သောကတွေ ဘယ်ရောက်ကုန်ပြီလဲ။

ငါ့ရဲ့ဝေဒနာတွေ ဘယ်ရောက်ကုန်ပြီလဲ။

❒

mgyoe.com

mgyoe.com

## ဒီနေ့ အက်ဒ့်ီမွေးနေ့

သူ့အသက် ငါးနှစ်ရှိပြီ။ ဒီနေ့ တနင်္ဂနွေနေ့။ မွန်းလွဲပိုင်းတွင် ရှာဘီပိုင်ယာကို ရောက်နေကြတယ်။ သဲဖြူလွှလွှ သောင်ပြင်ရှည်လျားကို စိုးမိုးမြင်နေရတဲ့ ကြမ်းခင်းလျှောက်လမ်းပေါ်မှာ ပျော်ပွဲစား စားပွဲတွေ ခင်းကျင်းထားလေရဲ့။ အဲဒီမှာ သစ်ခွရှည်နဲ့သင်းတဲ့ ကိတ်မုန့်တစ်လုံး ရယ်၊ အပြာရောင် ဖယောင်းတိုင်တွေရယ်၊ ပြီးတော့... လိမ္မော်ရည် တစ်ဇလုံ ရယ် ပြင်ထားတယ်။ နီးနားဝန်းကျင်မှာ အပန်းဖြေဥယျာဉ် အလုပ်သမား တွေ ကျပ်လို့ခဲလို့။ ဈေးခေါ်သမားတွေ၊ ကပ်မြွောင်ကပွဲသမားတွေ၊ တိရစ္ဆာန်လေ့ကျင့်ရေးသမားတွေ၊ ငါးဖမ်းစခန်းက အလုပ်သမားတွေ။

အက်ဒ့်ီဖေဖေကတော့ ထုံးစံအတိုင်း ဖဲရိုက်နေတယ်။ အက်ဒီက သူ့ဖေဖေရဲ့ခြေရင်းနားမှာ ဆော့လို့။ သူ့အစ်ကို ဂျိုး က အပျိုမတစ်သိုက် ရှေ့မှာ လက်ထောက်မှောက်ထ အစွမ်းပြလို့။ အပျိုမတွေက သူ့လေ့ကျင့် ခန်းကို စိတ်ဝင်စားဟန်ပြပြီး ယဉ်ယဉ်ကျေးကျေးကလေး ဝိုင်းပြီး လက်ခုပ်တီးပေးကြတယ်လေ။

အက်ဒီ မွေးနေ့လက်ဆောင်ရထားတဲ့ အနီရောင်ကောင်းဘွိုင်

mgyoe.com

mgyoe.com


ဦးထုပ်ကို ဆောင်းထားတယ်။ သူ့ခါးမှာတော့ ကစားစရာ သေနတ်အိတ် ပါတဲ့ ခါးပတ်ကိုပတ်လို့။ သူက ဖျတ်ခနဲ မတ်တတ်ရပ်တယ်။ လူစုတစ်စု ဆီကနေ တခြားတစ်စုရှိရာကို ပြေးတယ်။ အဲဒီလိုပြေးရင်း အရုပ်သေနတ် နဲ့လည်း တဒိုင်းဒိုင်း ပစ်သေးတာကလား။

"သားရေ... လာပါဦးကွ"

ခုံတန်းရှည်တစ်ခုမှာထိုင်နေတဲ့ မက်ကီရှီးယားက လှမ်းခေါ်တယ်။

"ဒိုင်း... ဒိုင်း..."

အက်ဒီ ပစ်ရင်းခတ်ရင်း သွားတယ်။

မစ်ကီရှီးယားက အက်ဒီ့ဖေဖေရဲ့တွဲဖက်လေ။ ယာဉ်တွေ၊ ရထား တွေ ပြုပြင်ထိန်းသိမ်းတယ်။ သူက လူဝကြီး။ မျက်နှာက နီကြန့်ကြန့်နဲ့။ သိုင်းကြိုးနဲ့ဘောင်းဘီတွေ ဝတ်တယ်။ နောက်ပြီး အမြဲလို အိုင်းရစ်ရှ် သီချင်းတွေ ဆိုနေလေ့ရှိတယ်။ အက်ဒီ့စိတ်ထဲမှာတော့ ဒီလူကြီးရဲ့ ကိုယ်နံ့က တစ်မျိုးပဲလို့ ထင်တယ်။ ချောင်းဆိုးပျောက်ဆေးရည်အနံ့မျိုး။

"လာ...၊ တို့အိုင်ယာလန်မှာ လုပ်သလို မင်းကို မွေးနေ့အထိမ်း အမှတ် ခေါင်းဆောင့်ပွဲကလေး လုပ်ပေးမယ်"

မက်ကီ့ရောမလက်ကြီးနှစ်ဖက်က အက်ဒီ့ချိုင်းတွေအောက်ကို ရောက်သွားတယ်။ ပြီးတော့ အက်ဒီ့ကိုပင့်တင်တယ်။ ပြီးတော့ အက်ဒီကို ခြေနှစ်ချောင်းကကိုင်ပြီး ဇောက်ထိုးဆွဲထားလိုက်တယ်။ အက်ဒီ့ဦးထုပ် ကျွတ်ကျကရော။

"မစ်ကီ...၊ သတိထားနော်"

အက်ဒီ့မေမေက လှမ်းအော်တယ်။ အက်ဒီဖေဖေက မော့ကြည့် တယ်။ ပြီးတော့ ဖဲရိုက်နေတဲ့ဆီကို အာရုံပြန်လည်သွားတယ်။

"ဟိုး ဟိုး... ဒီကောင် ငါ့လက်ထဲရောက်ပြီ၊ ကဲ... အသက် တစ်နှစ်ပြည့်တိုင်း ခေါင်းတစ်ချက်ဆောင့်ရမယ်"

mgyoe.com

mgyoe.com


ခေါက်ထိုးတွဲလောင်းဖြစ်နေတဲ့ အက်ဒီကို ဖြည်းဖြည်းချင်းနှိမ့်တယ်။ သူ့ဦးခေါင်းနဲ့ မြေကြီးနဲ့ ထိမိတဲ့အထိပေါ့။

"တစ်"

မစ်ကီက အက်ဒီကို ပြန်မြှောက်တယ်။ သူတို့နှစ်ယောက်ဆီကို တခြားလူတွေ တဟားဟားရယ်ရင်း ရောက်လာကြတယ်။ ပြီးတော့ ဝိုင်းအော်ပေးကြတယ်။

"နှစ်... သုံး..."

လူက ဦးစိုက်ပြောင်းပြန်ဖြစ်နေတော့... ဘယ်သူက... ဘယ်သူဆိုတာ မသေချာဘူး။ သူ့ဦးခေါင်းကြီး လေးလံလာတယ်။

"လေး..."

သူတို့ ဝိုင်းအော်တုန်း။

"ငါး..."

အက်ဒီကို တည့်တည့်ပြန်ထောင်ပြီး မြေကြီးပေါ်ချပေးတယ်။ လူတိုင်း လက်ခုပ်ဝိုင်းတီးကြတယ်။ အက်ဒီ သူ့ဦးထုပ်ကို လှမ်းကောက်ရင်း ချော်လဲသွားတယ်။ ပြန်ကျုံးထပြီး မက်ကီရှီးယားဆီ ဒယီးဒယိုင်သွားတယ်။ နောက်ပြီး မက်ကီ့လက်မောင်းကို ထိုးတော့တာပဲ။

"ဟိုးဟိုး... ဒါက ဘာဖြစ်ရတာလဲ ဆရာလေးရဲ့"

မစ်ကီက အော်တယ်။ တခြားလူတွေက ရယ်ကြတယ်။ အက်ဒီ ချာခနဲ လှည့်ပြီး ပြေးတော့တာပဲ။ ခြေလှမ်းသုံးလှမ်းပဲ ပြေးလိုက်ရတယ်။ ဗွေ့ခနဲကောက်ချိုလိုက်တဲ့ သူ့မေမေရင်ခွင်ထဲရောက်သွားရော။

"ဘာဖြစ်သွားသေးလဲ မွေးနေ့ရှင် သားသားလေးရယ်"

သူ့မေမေမျက်နှာဟာ သူ့မျက်နှာနဲ့ သုံးလေးလက်မလောက်ပဲကွာတယ်။ သူ့မေမေရဲ့ အနီရင့်ရင့်ဆိုးထားတဲ့ နှုတ်ခမ်းတွေနဲ့ ဖောင်းဖောင်းအိအိပါးတွေကို သူ မြင်နေရတယ်။ နောက်ပြီး နီညိုရောင်ဆံပင်

mgyoe.com

mgyoe.com


လှိုင်းတွန့်တွေကိုလည်း မြင်ရတယ်။

"သားက ဓောက်ထိုးကြီးမြင်နေရတာ မေမေရဲ့"

"မေမေ တွေ့တယ်လေ"

သူ့မေမေက ဦးထုပ်ကို အက်ဒ့ီခေါင်းပေါ်မှာ ဆောင်းပေးတယ်။ ခဏနေရင် သူ့သားလက်ကိုဆွဲပြီး ဆိပ်ခံတံတားပေါ် လမ်းလျှောက်လိမ့်မယ်။ ကံကောင်းထောက်မရင် ဆင်ရုပ်တောင် လျှောက်စီးရင် စီးရဦးမယ်။ ဒါမှမဟုတ် ရေစိုနေတဲ့ အကြွေစေ့ကလေးတွေ မြောက်နေသလို တဖျတ်ဖျတ်ခုန်နေတဲ့ ငါးတွေပါတဲ့ ငါးဖမ်းပိုက်တွေကို တံငါသည်တွေ ဆွဲတင်နေကြတာ ပြကောင်းပြလိမ့်မယ်။ မေမေက သူ့လက်ကို ကိုင်ထားမယ်။ ပြီးတော့ မွေးနေ့မှာ လိမ်လိမ်မာမာနေဖော်ရတဲ့ သားသားအတွက် ဘုရားသခင်က ဝမ်းမြောက်ဂုဏ်ယူလိမ့်မယ်ဆိုတဲ့အကြောင်းနဲ့ အဲဒီလို ဘုရားသခင်က ချီးကျူးတော်မူတဲ့အတွက် ကမ္ဘာလောကကြီးကို ပြန်ပြီး တည့်တည့်မြင်ရလိမ့်မယ်ဆိုတဲ့အကြောင်း ပြောပြလိမ့်ဦးမယ်။

□

mgyoe.com

mgyoe.com

# ဆိုက်ရောက်ခြင်း

လက်ဖက်ရည်ပန်းကန်လုံးထဲတွင် အက်ဒီ အိပ်ရာမှနိုးလာသည်။

ဤပန်းကန်လုံးသည် အပန်းဖြေဥယျာဉ်ဟောင်းကြီးတစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်၏။ ပါလစ်ရောင်ရင့်ရင့် သုတ်ထားသည့် ရောမ သစ်သားလက်ဖက်ရည်ပန်းကန်လုံးကြီးထဲတွင် ကူရှင်ခင်းထားသည့် ထိုင်ခုံရှိသည်။ သံပတ္တာတပ်၊ တံခါးတစ်ပေါက်လည်း ရှိသည်။ အက်ဒီ့ ခြေထောက်တွေ၊ လက်တွေသည် ထိုင်ခုံစွန်းများပေါ်မှ နံဘေးဘက်သို့ တွဲလောင်းကျနေသည်။ မိုးကောင်းကင်ကြီးက အရောင်တွေ တစ်ရောင် ပြီးတစ်ရောင် ပြောင်းနေဆဲ။ သားရေရှူးဖိနပ် အညိုရောင်မှသည် ကြက် သွေးရောင်သို့... ပြောင်းသွားပြန်သည်။

သူ့စိတ်အသိတွင် ပေါ်လာသည်မှာ သူ့ကြိမ်တုတ်ကို လှမ်းယူဖို့။ သည်ကြိမ်တုတ်ကို သူ့အိပ်ရာနံဘေးတွင် ထောင်ထားလေ့ရှိခဲ့သည်မှာ နှစ်ပေါင်းအနည်းငယ်ပင်ရှိခဲ့ပြီ။ အဘယ်ကြောင့်ဆိုသော် သည်ကြိမ် တုတ်ကို အားမပြုဘဲ အိပ်ရာက ထနိုင်လောက်အောင် အင်အားမရှိသည့် နံနက်ခင်းများ ကြုံခဲ့ရတာ တော်တော်ကြာနေပြီ။ အက်ဒီက အသိ

mgyoe.com

mgyoe.com


မိတ်ဆွေယောကျ်ားများနှင့်တွေ့လျှင် ပခုံးကို လက်သီးဖြင့်ထိုးပြီး နှုတ်ဆက်လေ့ရှိသည့် ယောကျ်ားမျိုးဖြစ်သည်။ ယခုလို ကြိမ်တုတ်အားမပြုဘဲ အိပ်ရာက မထနိုင်လောက်အောင် အင်အားချည့်နဲ့လာတော့... အက်ဒီမှာ တော်တော် စိတ်ကသိကအောက် ဖြစ်ခဲ့ရသည်။

သို့ပေမဲ့ ယခု သူ့ကြိမ်တုတ်ကိုမတွေ့။ သည်တော့ အသက်ပြင်းပြင်းကာရှူပြီး ကြိုးစားပြီး ကျုံးထသည်။ အင်း... အံ့စရာကောင်းလိုက်တာ...။ သူ့ကျောကုန်းက နာကျင်ခြင်း လုံးဝမရှိပေ။ သူ့ခြေထောက်က ကိုက်ခဲခြင်းမရှိ။ အားပိုစိုက်ပြီး လက်ဖက်ရည်ပန်းကန်လုံးအစွန်းကို ခွ ကျော်သည်။ မြေပြင်ပေါ်သို့ ကို့ရို့ကားရား ကျသွားသည်။ မြေပြင်ပေါ်ရောက်တော့ သူ့ခေါင်းထဲတွင် အတွေးသုံးရပ် ဖျိုးခနဲ ဖျတ်ခနဲ ပေါ်လာသည်။

ပထမဆုံးအတွေးမှာ လန်းဆန်းပေါ့ပါးမှုကို ခံစားရခြင်း။

ဒုတိယအတွေးကတော့ သူတစ်ကိုယ်တည်းရှိနေသည်ကို သိရခြင်း။

တတိယအတွေးက သတိဖော်ပေးသည်မှာ သူသည် 'ရူဘီပိုင်ယာ' ပေါ်မှာပင် ရှိနေသေးခြင်း။

သို့ပေမဲ့ ယခု ရူဘီပိုင်ယာက မတူခြားနားသော အပန်းဖြေဥယျာဉ်တစ်ခု ဖြစ်နေ၏။ အထဲတွင် ပတ္တူဖျင်တဲတွေရှိသည်။ မြက်ထူထူကွက်လပ်များရှိသည်။ ထိုးထိုးထောင်ထောင် အဆောက်အအုံနည်းလှသည့်အတွက် ရေညှိစိမ်းတွေ မှိုင်းနေသည့် လှိုင်းတားနံရံကြီးကို လှမ်းမြင်နေရသည်။ အပန်းဖြေကစားစရာပစ္စည်းအရောင်များမှာ မီးသတ်ကားအနီရောင်တွေနှင့် နို့နှစ်ရောင်အဖြူများသာ ရှိ၏။ နီညိုရောင်သို့မဟုတ် စိမ်းပြာရင့်ရောင်တွေ မမြင်ရ။ နောက်ပြီး အပျော်စီးယာဉ်တစ်မျိုးအတွက် သစ်သားဖြင့်ဆောက်ထားသည့် လက်မှတ်ရုံတစ်ရုံစီသီးသန့်ရှိသည်။ သူ အိပ်ပျော်ရာကနိုးလာသည့် လက်ဖက်ရည်ပန်းကန်

mgyoe.com

mgyoe.com


လုံးကြီးမှာ တော်တော်ကြီးရှေးကျသည့် အပျော်စီးယာဉ်တွေထဲက တစ်ခု ဖြစ်၏။

* * *

အက်ဒီက မျက်တောင်ကို ပေကလပ် ပေကလပ်လုပ်လိုက်သည်။ ခုတွေ့နေရတာက... သူကလေးဘဝတုန်းက ရူဘီပိုင်ယာပါကလား။ ဟိုးလွန်ခဲ့တဲ့ ၇၅ နှစ်တုန်းက ရူဘီပိုင်ယာ။ တစ်ခုပဲရှိသည်။ ခုမြင်တွေ့နေရသည့် အရာရာတိုင်းက သစ်လွင်တောက်ပနေသည်။ တိုက်ချွတ်ဆေးကြောထားကာ လတ်လတ်ဆတ်ဆတ်ပဲ ရှိလေသည်။

ဟိုရှေ့နားတွင် လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကတည်းက ဖျက်သိမ်းထားသည့် အပျော်စီးယာဉ်ကို ယခု မြင်နေရသည်။ နောက်ပြီး ၁၉၅၀ ပြည့်လွန်နှစ်တွေတုန်းကတည်းက မရှိတော့သည့် ရေချိုးခန်းများနှင့် ရေငန်ရေကူးကန်များလည်း ရှိနေသည်။ ဟိုဘက်နားမှာတော့ မိုးထဲသို့ မြင့်မြင့်မားမား ထိုးထွက်နေသည့် ဖဲရစ်ရဟတ်ကြီးက ဖြူဖွေးသစ်လွင်နေသည်။ ထိုရဟတ်ကြီး၏ ဟိုမှာဘက်ဆီမှာတော့ သူကျင်လည်ခဲ့သည့် နေရာဟောင်း၏လမ်းသွယ်တွေ၊ လမ်းမတွေ။ ပြီးတော့ ကျပ်ညပ်နေသည့် အငှားချ အုပ်တိုက်များ၏ခေါင်မိုးများ၊ တိုက်ခန်းများ၏ရှေ့ပြတင်းပေါက်များတွင် လျှော်ဖွပ်ပြီး အခြောက်လှန်းထားသည့် အဝတ်အထည်များကို တို့လို့တန်းလန်း မြင်နေရသည်။

အက်ဒီက... တအားကျုံးအော်ဖို့ အားထုတ်ကြည့်သည်။ သို့သော် ခပ်အစ်အစ်အသံပဲ ထွက်လာသည်။ "ဟေး..." ဟုအော်ဖို့ ပါးစပ်ကို ပြင်သည်။ သို့သော် လည်ချောင်းထဲမှ ဘာသံမျှထွက်မလာ။

သူ့လက်မောင်းများနှင့် ခြေထောက်များကို ဆုပ်ကိုင်လိုက်၏။ အသံပျောက်နေခြင်းကလွဲပြီး နေရထိုင်ရ အရမ်းပေါ့ပါးသွက်လက်နေ

mgyoe.com

mgyoe.com


သည်။ စက်ဝိုင်းတစ်ဝိုင်းပြည့်အောင် လှည့်ပတ်လျှောက်ကြည့်သည်။ ခုန်ကြည့်သည်။ နာကျင်မှု မခံစားရ။ နာကျင်မှုဝေဒနာကြောင့် မျက်နှာကို မရှုံ့မမဲ့ဘဲ လမ်းလျှောက်ရတာ ဘယ်လိုနေသည်၊ သို့မဟုတ် ထိုင်တော့မည်ဆိုလျှင် ခါးမနာမည့်နေရာကို ရွေးမနေဘဲ ကြုံရာမှာထိုင်ရတာ ဘယ်လိုနေသည်ဆိုတာတွေကို မေ့လျော့နေတာများ ဆယ်နှစ်ကျော်သွားပြီ။ အပြင်ပန်းအားဖြင့်တော့ သူ့သွင်ပြင်သည် ထိုနေ့နံနက်ကအတိုင်းပါပဲ။ ရင်အုပ်ကျယ်ကြီးရှိသည့် တုတ်တုတ်ခိုင်ခိုင် အဘိုးကြီး။ ကက်ဦးထုပ်ဆောင်းထားသည်။ ဘောင်းဘီတိုနှင့်၊ ပြုပြင်ထိန်းသိမ်းရေးဌာနရဲ့ အညိုရောင်အပေါ်အင်္ကျီကိုဝတ်လို့။ သို့ပေမဲ့ သူသည် အကြောခြင်တွေ ပြေလျော့နေသည်။ ဘယ်လောက်ထိ ပြေလျော့နေသလဲဆို... သူက သူ့ခြေဖနောင့်ကြောတွေကို လက်ဖြင့်ကိုင်လို့ရနေသည်။ ပြီးတော့ ခြေတစ်ဖက်ကိုမြှောက်ပြီး ဒူးနှင့်တိုက်ထိလို့ပင် ရနေသည်။ သူက သူ့ကိုယ်ခန္ဓာတစ်ခုလုံးကို မွေးကင်းစကလေးတစ်ယောက်လို လျှောက်စမ်းကြည့်နေမိ၏။ သူ့ကိုယ်ခန္ဓာ၏ လှုပ်ရှားနိုင်စွမ်းအသစ်များကို သူ့ဘာသာသူသဘောကျနေသည်။ ရော်ဘာလူသားတစ်ယောက် ရော်ဘာကို ဆွဲဆန့်ကြည့်နေသလို။

ထို့နောက် သူ ပြေးသည်။

ဟား... ဟား... ပြေးနေတာဗျ။ အက်ဒီ တကယ်တမ်း မပြေးခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ စစ်ကြီးပြီးကတည်းက ဆိုပါတော့။ ဟော... ခု သူ ပြေးနေပြီ။ ကနဦးပိုင်းမှာတော့ ယိုင်တိယိုင်တိုင် ခြေလှမ်းအနည်းငယ်ဖြင့်ပေါ့။ ထို့နောက် တဖြည်းဖြည်းမြန်လာသည်။ ထို့နောက် နုပျိုငယ်ရွယ်သော ကောင်လေးတစ်ယောက်လို အင်ဖြင့် အားဖြင့် ပြေးသည်။

သစ်သားခုံလျှောက်လမ်းတစ်လျှောက် ပြေးသည်။ အသပြာငွေငါးဆင့်ဖြင့် ငါးမျှားချင်သူများအတွက်... ငါးစာရော၊ ငါးမျှားတံပါ ငှား

mgyoe.com

.mgyoe.com


သည့်ဆိုင်ကို ကျော်လာသည်။ ထို့နောက် သုံးဆင့်ဖြင့် ရေကူးဝတ်စုံငှားပြီး ရေကူးကန်ထဲမှာ ရေကူးချင်သူများအတွက်… ဖွင့်ပေးထားသည့်ဆိုင်။ အပန်းဖြေသူတွေ လျှောစီးအပန်းဖြေသည့်နေရာ။ လှပခံ့ညားသည့် အဆောက်အဦကြီးများအောက်က ဖြတ်ဖောက်ထားသည့် ရှုဘီပိုင်ယာ စကြံလမ်းတစ်လျှောက် ပြေးသည်။ သစ်သားမြင်းရုပ်ကြီးတွေ တပ်ဆင်ထားသည့် ဖဲရစ်ချားကြီးကို ဖြတ်ကျော်ခဲ့သည်။ ကြည့်မှန်များ၊ ဝါလစ်ဇာ အော်ဂင်ကြီး… အားလုံးကို နောက်မှာထားခဲ့သည်။ ထိုပစ္စည်းတွေအားလုံး သစ်လွင်တောက်ပနေသည်။ သူ့အလုပ်ရုံထဲက ပစ္စည်းတွေမှ ဖုန်တွေ၊ သဲတွေထွက်နေသည်မှာ လွန်ခဲ့သည့်တစ်နာရီလောက်က မှပဟု ထင်ရသည်။

အလယ်လမ်းမကြီးအတိုင်း သူ ပြေးသည်။ အလယ်လမ်းမကြီး တစ်လျှောက်မှာတော့ ပေါင်ချိန်ပေးသူများ၊ ဇာဒင်ဟောသူများနှင့် ဂျစ်ပစီ ကချေသည်များ တစ်ချိန်က အလုပ်လုပ်ခဲ့သည့်နေရာများရှိသည်။ သူက သူ့မေးစေ့ကို ရင်ညွန့်တွင် ဆွဲကပ်လိုက်သည်။ ပြီးတော့… သူ့ကိုယ်သူ စက်မဲ့လေယာဉ်တစ်စင်းလို လက်နှစ်ဖက် ဆားဆန့်ထားလိုက်၏။ သူက ကလေးသူငယ်တွေ လုပ်လေ့ရှိသလို နှစ်လှမ်းသုံးလှမ်းပြေးပြီးတိုင်း တစ်ခါခုန်သည်။ ပြေးနေရာမှသည် ပျံသန်းသွားလို့ရမည်လားဟုလည်း မျှော်လင့်သေးသည်။ သည်ဆံဖြူဖြူနှင့် ပြုပြင်ထိန်းသိမ်းရေး အလုပ်သမားအိုကြီးတစ်ကိုယ်တည်း လေယာဉ်လို ပျံကြည့်နေသည်ကို ကြည့်မိသူတစ်ဦးတစ်ယောက်အတွက်တော့ ရယ်ချင်ပက်ကျိဖြစ်မိမှာ မလွဲပါချေ။ သို့သော် ယောကျ်ားတစ်ယောက် ဘယ်လောက်ပဲ အိုမင်းမစွမ်းဖြစ်နေသည့်တိုင် ယောကျ်ားတိုင်း၏ ရင်ထဲတွင် အပြေးသန်သည့် ကောင်ကလေး တစ်ယောက်တော့ ရှိနေသည်သာဖြစ်၏။

* * *

mgyoe.com

mgyoe.com


ထို့နောက် အက်ဒီ အပြေးရပ်လိုက်သည်။ တစ်ခုခုကို ကြားလိုက်ရသည်။ အသံတစ်ခု။ အသံသေးသေးကလေး။ အော်လန်ထဲက ထွက်လာသည့်အသံကလေးမျိုး။

*"သူ့ကို ဘယ်လိုသဘောထားကြမလဲ ရွှေပွဲလာများခင်ဗျာ... မင်းပရိသတ်များ ဒီလောက် သည်းခြေပျက်စရာမြင်ကွင်းမျိုး မြင်ဖူးကြပါသလားခင်ဗျာ"*

အက်ဒီက ရောမဇာတ်ရုံကြီးရှေ့ရှိ လက်မှတ်ရုံကလေးရှေ့မှာ ရပ်နေသည်။ ဇာတ်ရုံကြီးတွင် ချိတ်ထားသည့်ဆိုင်းဘုတ်မှာ...

*ကမ္ဘာ့ထူးပေ့ ဆန်းပေ့ လူထူးလူဆန်းများ။*

*ရူဘီပိုင်ယာ၏အရန်ပွဲ၊*

*ဘုရားရေ... သူတို့ဟာ ဝတုတ်ကြီးတွေပါလား၊*

*ပိန်တာရိုးကလေးတွေပါလား*

*ရင်သပ်ရှုမောအံ့သြစရာတွေ ကြည့်လိုက်ရအောင်လေ။*

အရန်ပြပွဲ။ ထူးဆန်းထွေလာပြပွဲ။ အုန်းအုန်းကျွက်ကျွက် ပျော်ပွဲခန်းမ။ သည်လိုပြပွဲရုံတွေ၊ ပျော်ပွဲခန်းမတွေ ပိတ်ပစ်ခဲ့တာ အနည်းဆုံး နှစ်ပေါင်း ၅၀ ရှိပြီ။ ဒါကို အက်ဒီ မှတ်မိနေသည်။ ရုပ်မြင်သံကြားစက်တွေ ခေတ်စားလာသည့်အချိန်ကတည်းကပေါ့။ ရုပ်မြင်သံကြားစက်တွေ ခေတ်စားလာတော့ လူတွေအနေဖြင့် အရန်ပြပွဲများသို့ သွားကြည့်ဖို့မလိုတော့။ သူတို့၏စိတ်ကူးတွေကို ဆွပေးမည့် ထူးဆန်းထွေလာတွေ သွားကြည့်နေဖို့မလိုတော့။

*"လူစဉ်မမီ၊ အရိုင်းစိုင်းဆုံးဘဝအနေအထားနဲ့ လူဖြစ်လာရသူတွေကို ကြည့်ရှုပါ၊ စောင်မပါ"*

ဝင်ပေါက်ထဲသို့ အက်ဒီ ချောင်းကြည့်လိုက်သည်။ သည်နေရာတွင် လူထူးလူဆန်းတချို့ကို သူတွေ့ခဲ့ဖူးပြီ။ ကျော်လီဂျိန်းဆိုသည့် မိန်းမ

mgyoe.com

mgyoe.com


ကြီးက ပေါင် ၅၀၀ ကျော် အလေးချိန်စီးပြီး လှေကားပေါ်တက်ဖို့ ယောကျ်ားကြီးနှစ်ယောက်က တွန်းတင်ပေးရသည်။ တူရိယာပစ္စည်းတွေ တီးတတ်မှုတ်တတ်သည့် ကျောချင်းဆက်အမြွှာညီအစ်မကိုလည်း တွေ့ဖူးသည်။ မားတွေ မျိုချပြသည့် ယောကျ်ားတွေ၊ မုတ်ဆိတ်မွေး ထူလပျစ်နှင့် မိန်းမတွေ။ နောက်ပြီး အင်ဒီးယန်းလူမျိုး ညီအစ်ကိုနှစ်ဦး။ သူတို့ကို ဆိတွေထဲ စိမ်ထားသည့်အတွက် သူတို့၏အရေပြားများသည် ရော်ဘာပြားလို ပျော့တွဲလာပြီး ခြေတွေလက်တွေမှ တွဲလောင်းကျနေသည်ကို တွေ့ဖူးသည်။

ကလေးဘဝတုန်းကတော့ အက်ဒီသည် အရန်ပြပွဲ အခင်းအကျင်းကို ကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့သည်။ အရန်ပြပွဲ ဇာတ်ကောင်များကို ရုံသွင်းပြသူများက သီးသန့်ရုံငယ်ကလေးများထဲတွင် (သို့မဟုတ်) စင်မြင့်များပေါ်တွင် အတင်းအကျပ် ထိုင်ခိုင်းကြသည်။ တစ်ခါတလေ သံတိုင်များနောက်မှာ ထိုင်စေသည်။ ရုံသွင်းသူများကတော့ ကံအကြောင်းမလှသူများရှေ့က ဖြတ်လျှောက်ရင်း လက်ညှိုးထိုးပြပြီး သရော်လှောင်ပြောင်ကြသည်။ ဈေးခေါ်ကြော်ငြာသူများက ရုံသွင်းပြသခံရသူများ၏ ထူးခြားမှုများကို အော်ကြီးဟစ်ကျယ်ပြောပြီး ကြော်ငြာကြသည်။ လူကြည့်ချင်အောင် ဈေးခေါ်ကြသည်။ ယခုလည်း အက်ဒီကြားနေရသည်မှာ ဈေးခေါ်သမား၏အသံဖြစ်နေသည်။

*"ကံကြမ္မာ လူလှည့်စားရဲ့ ဆိုးဝါးရက်စက်တဲ့ လှည့်စားမှုတစ်ခုတည်းကသာ လူတစ်ယောက်ကို ခုလောက်ထိ အဖြစ်ဆိုးမျိုး ဖြစ်ပေါ်စေနိုင်ပါတယ်၊ ရွှေပွဲလာပရိသတ်များ... အဲဒီလူကို စေ့စေ့စပ်စပ် ဆန်းစစ်လေ့လာကြည့်နိုင်ဖို့အတွက်... ဒီလူကို ကျွန်တော်တို့ ဟိုးကမ္ဘာ့အစွန်အဖျား တစ်နေရာကနေ ဒီကိုရောက်အောင် ခေါ်လာခဲ့ပါတယ်ခင်ဗျ..."*

ခပ်မှောင်မှောင်ခန်းမထဲသို့ အက်ဒီ ဝင်ခဲ့၏။ အသံက ပိုကျယ်

mgyoe.com

mgyoe.com


လာသည်။

"*သနားစရာကောင်းလှတဲ့ ဟောဒီသတ္တဝါဟာ သဘာဝတရားရဲ့ ဖောက်ပြန်မှုကို အလူးအလဲ ခံစားနေရရှာပါတယ်*"

အက်ဒီက ကန့်လန့်ကာကို ဆွဲဖယ်လိုက်သည်။

"*သဘာဝရဲ့ နှိပ်စက်ကလူပြုမှုကို အလူးအလဲခံစားနေရသူကို သေသေချာချာ မျက်စိအရသာခံကြည့်*"

ဈေးခေါ်သမား၏အသံ ပျောက်သွားသည်။ အက်ဒီက မယုံကြည်နိုင်စွာဖြင့် နောက်ပြန်ဆုတ်လိုက်၏။

စင်မြင့်ပေါ်ရှိ ကုလားထိုင်တစ်လုံးပေါ်တွင်... တစ်ဦးတည်းထိုင်နေသည်မှာ သက်လတ်ပိုင်းရှိ လူရွယ်တစ်ယောက်။ ရှေ့သို့ကိုင်းနေသော ပခုံးများက သေးသေးကျုံ့ကျုံ့ကလေးတွေ။ ခါးအထက်ပိုင်းတွင် ဘာအဝတ်အစားမျှ ဝတ်မထား။ ဗိုက်သားကြီးက ပတ်ထားသော ခါးပတ်ပေါ်မှ အိကျနေသည်။ ဘဲမြီးဆံပင်ညှပ်ထားသည်မှာ တိုတိုကပ်ကပ်ကလေး။ နှုတ်ခမ်းပါးပါးနှင့် မျက်နှာရှည်ရှည်က စူပုပ်နေသည်။ သူ၏ထူးခြားသော သွင်ပြင်ကြောင့်သာမဟုတ်လျှင်... သည်လူကို အက်ဒီ မေ့ခဲ့တာ ကြာကောင်းကြာခဲ့ရော့မည်။

သူ့အသားအရေက ပြာနေသည်။

"ဟဲလို အက်ဒ်ဝပ်"

ထိုလူက နှုတ်ဆက်သည်။

"ကျုပ် ခင်ဗျားကို စောင့်နေတာဗျ"

❒

mgyoe.com

mgyoe.com

## ကောင်းကင်ဘုံတွင် အက်ဒီတွေ့သူ ပထမတစ်ဦး

"မကြောက်နဲ့"

ထိုလူပြာက ကုလားထိုင်ပေါ်မှ ဖြည်းဖြည်းချင်းထရင်း ပြောသည်။

"ဘာမှမကြောက်နဲ့"

သူ့အသံက ချော့ချော့မော့မော့လေသံ။ သို့ပေမဲ့ အက်ဒီက ကြောင်ငေးကြည့်ရုံပဲ ကြည့်နေနိုင်သည်။ သည်လူကို အက်ဒီ သိသည် ဆိုရုံမျှကလေး သိသည်။ ခု ဘာကိစ္စ သည်လူကို တွေ့နေရသလဲ။ သည်လူက သင့်အိပ်မက်တွေထဲတွင် ဖျိုးခနဲ ဖျတ်ခနဲ မြင်မက်လိုက်ရပြီး နောက်နေ့နံနက်ကြတော့ "မင်းတစ်သက်လုံး ထင်မိမှာမဟုတ်ဘူး၊ ညက ငါ ဘယ်သူ့ကို အိပ်မက်မက်တယ်ထင်သလဲ" ဟု ပြန်ပြောရမည့် လူစားမျိုး။

"ခင်ဗျားကိုယ်ခန္ဓာဟာ ကလေးတစ်ယောက်ရဲ့ကိုယ်ခန္ဓာလို ဖြစ်နေတယ်နော်၊ ဟုတ်ရဲ့လား"

mgyoe.com

mgyoe.com


အက်ဒီ ခေါင်းညိတ်သည်။

"ခင်ဗျား ကျုပ်ကို စသိတော့ ခင်ဗျား ကလေးဘဝပဲရှိသေးတယ်လေ၊ အဲဒီတုန်းက ခင်ဗျားခံစားရတဲ့ ခံစားချက်မျိုးနဲ့ပဲ အစပြုရတယ်ဗျ"

*အစပြုရတယ်၊ ဘာကို အစပြုရမှာလဲ... ဟု အက်ဒီ တွေး၏။*

ကိုလူပြာ ခေါင်းထောင်လိုက်၏။ သူ့အသားအရေက ဘလူးဘယ်ရီသီးအရောင်မျိုး အကျည်းတန်တန် နက်ပြာရောင်။ သူ့လက်ချောင်းအရေပြားတွေ တွန့်နေသည်။ သူ အပြင်ဘက်သို့ ထွက်သွားသည်။ အက်ဒီ နောက်ကလိုက်သွားသည်။ ဆိပ်ခံတံတားပေါ်မှာ လူသူမရှိ။ သဲသောင်ပြင်ပေါ်မှာ လူသူမရှိ။ သည်ကမ္ဘာကြီးတစ်ခုလုံးမှာရော လူသူဆိုတာ ရှိသေးရဲ့လား။

"ကျုပ်ကို ပြောပြစမ်းပါဗျာ"

လူပြာကြီးက ပြောသည်။ ခပ်လှမ်းလှမ်းမှာ ရပ်ထားသည့် ဘို့နှစ်ဘို့ပါသော သစ်သားရိုလာကိုစတာကို ညွှန်ပြသည်။ 'ဝှစ်ပါ' ဟု နာမည်ပေးထားသည့်ယာဉ်။ ၁၉၂၀ ပြည့်လွန်နှစ်များအတွင်း တည်ဆောက်ခဲ့သည်။ သိပ်ပြီး အမြန်နှုန်းတင်ပြီး မမောင်းနိုင်သည့် ခေတ်တုန်းကဆိုပါတော့။ သံလမ်းပေါ်မှ မြောက်တက်မသွားချင်လို့ကတော့ အမြန်နှုန်း အဆုံးတင်ပြီး မောင်းစရာမလို။

"ဝှစ်ပါလေ... ဒီယာဉ်ဟာ ကမ္ဘာမြေပေါ်မှာ... အမြန်ဆုံးပြေးတဲ့ ယာဉ်အဖြစ်ရှိနေတုန်းလား"

အက်ဒီက တဂျိုင်းဂျိုင်းမြည်သံများဖြင့် ပြေးတတ်သော ယာဉ်တွဲကို ကြည့်သည်။ သည်ယာဉ်တွဲကို တစ်စစီဖျက်ပစ်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အက်ဒီက လူပြာကြီးထင်ထားတာ မမှန်ကြောင်း ခေါင်းခါပြသည်။

"အင်း...၊ ထင်တော့ထင်သား၊ ဒီမှာက အပြောင်းအလဲတွေ မရှိဘူး၊

mgyoe.com

mgyoe.com


ခက်တာက တိမ်တိုက်တွေကြားကနေ အောက်ကို ချောင်းကြည့်တဲ့လူ လည်း တစ်ယောက်မှ ရှိမှမရှိပါဘဲကလား"

*ဒီမှာ... ဆိုပါလား။* အက်ဒီ တွေး၏။

အက်ဒီ့မေးခွန်းကို သူ ကြားလိုက်သည့်နှယ် လူပြာကြီးက ပြုံး သည်။ သူက အက်ဒီ့ပခုံးကို ကိုင်လိုက်၏။ အက်ဒီ ဘယ်တုန်းကမှ မခံစားဘူးသည့် နွေးထွေးမှုမျိုးကို တရှိန်းရှိန်းခံစားရသည်။ သူ့အတွေး များသည် ဝါကျများအဖြစ် ပွင့်အန်ထွက်လာသည်။

*ကျွန်တော် ဘယ်လိုဖြစ်ပြီး သေခဲ့တာလဲ။*

"မတော်တဆ ထိခိုက်မှု"

*ကျွန်တော်သေခဲ့တာ... ဘယ်လောက်ကြာသွားပြီလဲဟင်*

'တစ်မိနစ်၊ တစ်နာရီ၊ နှစ်ပေါင်းတစ်ထောင်"

*ကျွန်တော် ဘယ်ရောက်နေတာလဲ*

ဦးလူပြာ နှုတ်ခမ်းတွေ ထော်လိုက်၏။ ထို့နောက် အက်ဒီ့မေးခွန်း ကို တွေးတွေးဆဆဖြင့် ထပ်မံရေရွတ်သည်။

"ခင်ဗျား ဘယ်ရောက်နေတာလဲ... ဟုတ်လား"

သူ တစ်ဖက်လှည့်ပြီး လက်တွေမြှောက်သည်။ ရူဘီပိုင်ယာ အပေါင်းတွင်ရှိသည့် အပျော်စီးယာဉ်တွေ ချက်ချင်းလို ချွင်ချွင်ချွမ်ချွမ် မြည်ပြီး အသက်ဝင်လာသည်။ ဖဲရစ်ရဟတ်ကြီး လည်လာသည်။ တိုက်ကားတွေ တစ်စီးနှင့်တစ်စီး တိုက်ကြသည်။ ဝှစ်ပါယာဉ်တွဲက တောင်ကုန်းပေါ်သို့ တဂျိုင်းဂျိုင်း မောင်းတက်သွားသည်။ ဖဲရစ်ချားကြီး လည်တော့ တပ်ဆင်ထားသည့် မြင်းရုပ်တွေ... နိမ့်တုံမြင့်တုံ ကခုန်နေကြ ၏။ ဝါလစ်ဇာအော်ဂင်ကြီးမှ မြူးမြူးကြွကြွ တေးသံတွေ ပျံ့လွင့်လာ သည်။ သူတို့ရှေ့မှာ သမုဒ္ဒရာကြီး။ မိုးကောင်းကင်က အဝါရောင်ဖျော့ ဖျော့။

mgyoe.com

mgyoe.com


"ဘယ်ရောက်နေတယ်လို့ ခင်ဗျားထင်လဲ"
ဦးလူပြာက ဆက်ပြော၏။
"ကောင်းကင်ဘုံမှာလေ"

* * *

မဟုတ်ဘူး... အက်ဒီ သူ့ခေါင်းကို တွင်တွင်ယမ်းခါသည်။ မဟုတ်ဘူး။ ဦးလူပြာ သဘောကျနေပုံရသည်။

"မဟုတ်ဘူးလား၊ ဒါဟာ ကောင်းကင်ဘုံ မဟုတ်နိုင်ဘူး၊ ဟုတ်လား။ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲဆိုတော့... ဒီနေရာဟာ ခင်ဗျားကြီးပြင်းလာတဲ့နေရာမို့လား... ဟုတ်လား"

အက်ဒီ "ဟုတ်ကဲ့" ဟု ပါးစပ်လှုပ်ပြသည်။

"ဪ..."

ဦးလူပြာ ခေါင်းညိတ်သည်။

"အင်းလေ... လူတွေဟာ သူတို့ရဲ့မွေးဌာနေကို သေးသိမ်အောင် တယ်လုပ်တတ်ကြတာကလား၊ ဒါပေမဲ့ ကောင်းကင်ဘုံကို မထင်မှတ်တဲ့ ချောင်ကြိုချောင်ကြားတွေမှာ တွေ့ရနိုင်တယ်၊ နောက်ပြီး ကောင်းကင်ဘုံကိုက အဆင့်တွေအများကြီးရှိသဗျ၊ ကျုပ်အတွက်ဖြစ်တဲ့ ဟောဒီ အဆင့်ကတော့ ဒုတိယအဆင့်ဗျ၊ အဲ... ခင်ဗျားအတွက်တော့ ပထမအဆင့်ပေါ့"

သူက အက်ဒီအား ဥယျာဉ်ထဲ လှည့်ပတ်ခေါ်သွားသည်။ ဆေးပြင်းလိပ်ဆိုင်ကိုကျော်၊ ဝက်အူချောင်းဆိုင်တွေကိုကျော်၊ နောက်ပြီး ဆေးခြောက်ပါသည့် စီးကရက်ဆိုင်တွေ၊ အဲဒီမှာ လူနုံ၊ လူအတွေ ပါသမျှ ငွေစကလေးတွေ တက်တက်ပြောင်ကြပေါ့။

ဪ... ကောင်းကင်ဘုံတဲ့လား... အက်ဒီ တွေး၏။ ဟားတိုက်ရယ်ချင်စရာ။ သူ၏ လူကြီးသက်တမ်း တော်တော်များများတွင်... သူသည်

mgyoe.com

mgyoe.com


ရှုဘီပိုင်ယာမှ ထွက်ပြေးနိုင်အောင် အားထုတ်နေခဲ့သည်။ ရှုဘီပိုင်ယာဆိုတာက... အပန်းဖြေဥယျာဉ်လေ။ ဒါပါပဲ။ အော်ဟစ်မြူးထူးရမည့်နေရာ။ ရေစိုခံရသည့်နေရာ။ နောက်ပြီး သင့်ငွေ အသပြာဒေါ်လာများကို ကလေးကစားစရာ အရုပ်ကလေးများနှင့် အလဲအလှယ်လုပ်ရမည့်နေရာ။ ဤနေရာကား အေးအေးလူလူ အပန်းဖြေအနားယူရမည့်နေရာဖြစ်သည် ဟူသောအတွေးကား သူ့ဦးခေါင်းထဲထည့်လို့မရသော အတွေးပေတည်း။

သူ စကားပြောဖို့ ကြိုးစားပြန်သည်။ သည်တစ်ချီတော့ သူ့ရင်ဘတ်ထဲက ညည်းသံသဲ့သဲ့သာ ထွက်လာသည်။ ဦးလူပြာ လှည့်ကြည့်သည်။

"ခင်ဗျား အသံပြန်ထွက်လာလိမ့်မယ်၊ ကျုပ်တို့အားလုံး ဒီအတိုင်းကြုံကြရတယ်လေ၊ ဒီကို ပထမဦးဆုံး ရောက်ရောက်ချင်း ခင်ဗျား စကားပြောလို့မရဘူးဗျ"

သူ ပြုံးလိုက်သည်။

"ဒီတော့ ခင်ဗျား နားထောင်ဖြစ်တာပေါ့"

* * *

"ကောင်းကင်ဘုံမှာ ခင်ဗျားတွေ့ရမယ့်လူ ငါးဦးရှိတယ်"

လူပြာကြီးက ကောက်ကာငင်ကာ ပြောသည်။

"ကျုပ်တို့တစ်ယောက်စီဟာ အကြောင်းတစ်ခုကြောင့်... ခင်ဗျားဘဝထဲရောက်ခဲ့ကြတယ်။ အဲဒီတုန်းကတော့ ဘာအကြောင်းကြောင့်လဲဆိုတာ သိချင်မှသိမယ်။ ကောင်းကင်ဘုံဆိုတာ အဲဒီအတွက်ပဲပေါ့ဗျာ။ ကမ္ဘာပေါ်က ခင်ဗျားဘဝအကြောင်း နားလည်သဘောပေါက်ဖို့"

အက်ဒီ အတွေးရှုပ်ပုံပေါက်သွားသည်။

"ကောင်းကင်ဘုံဆိုတာ... သုခဥယျာဉ်ကြီးလို့ လူတွေက ထင်ကြ

mgyoe.com

mgyoe.com


တယ်၊ တိမ်လွှာတိမ်တိုက်တွေပေါ်မှာ လွင့်မျောပြီး မြစ်တွေ၊ တောင်တွေပေါ်မှာ ပျင်းရိပျင်းတွဲနေလို့ရတဲ့ နေရာပေါ့ဗျာ၊ ဒါပေမဲ့ ဖြေသိမ့်စရာမရှိတဲ့ သဘာဝရှုခင်းဆိုတာ အဓိပ္ပာယ်မှမရှိဘဲ။

"ခင်ဗျားဘဝမှာ ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ သဘောပေါက်နားလည်ဖို့၊ အဲဒီအကြောင်းကို ရှင်းပြနိုင်ဖို့၊ ဒါဟာ ခင်ဗျား ရှာဖွေနေခဲ့တဲ့ ငြိမ်းချမ်းမှုလေ၊ ဘုရားသခင်က ခင်ဗျားကို ပေးသနားတော်မူနိုင်တဲ့ အကြီးမြတ်ဆုံး လက်ဆောင်မွန်ဟာ... ဒါပဲပေါ့"

အက်ဒီက... ချောင်းဟန့်သည်။ သူ့အသံ ပြန်ထွက်လာအောင် အားထုတ်သည်။ သူ နှုတ်ဆိတ်နေရတာ ငြီးငွေ့လာပြီ။

"ကျုပ်က ခင်ဗျားရဲ့ 'ပထမ' လူပဲ အက်ဒ်ဝပ်၊ ကျုပ်သေတုန်းက ကျုပ်ဘဝကို တခြားလူငါးယောက်က ပြန်ပြီး မီးမောင်းထိုးပြခဲ့တယ်၊ အဲဒီနောက် ကျုပ် ဒီကိုလာပြီး ခင်ဗျားကို စောင့်နေခဲ့တယ်၊ ခင်ဗျားကို ပြန်ပြီးပြောပြဖို့၊ အဲဒီကျုပ်ရဲ့ဇာတ်လမ်းဟာ ခင်ဗျားဇာတ်လမ်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်သွားမယ်လေ၊ ခင်ဗျားအတွက် တခြားလူတွေလည်းရှိလိမ့်ဦးမယ်၊ တချို့ကို ခင်ဗျားသိမယ်၊ တချို့ကြတော့ ခင်ဗျားသိချင်မှသိမယ်၊ ဒါပေမဲ့ သူတို့အားလုံးမသေမီ ခင်ဗျားနဲ့ တွေ့ခဲ့ဆုံခဲ့ဖူးသူတွေချည်းပဲ၊ နောက်ပြီး သူတို့က ခင်ဗျားဘဝလမ်းကြောင်း ထာဝစဉ်ပြောင်းလဲသွားအောင်လုပ်ခဲ့တဲ့လူတွေပေါ့ဗျာ"

အက်ဒီ သူ့ရင်ထဲက တစ်စုံတစ်ခုကို အစွမ်းကုန်ဖျစ်ညှစ်ပြီး တွန်းတင်လိုက်၏။

"ဘယ်သူ..."

အသံအစ်အစ် ထွက်လာသည်။

သူ့အသံသည် အခွံမာတစ်ခုကို ဖောက်ထွင်းထွက်ပေါ်လာသည့်နှယ်။ ကြက်ပေါက်ကလေး ဥခွံကို ဖောက်ထွက်လာသလိုပေါ့။

mgyoe.com

mgyoe.com


"ဘယ်သူ... သတ်လိုက်တာလဲ"

ဦးလူပြာ စိတ်ရှည်လက်ရှည် စောင့်နေသည်။

"ခင်ဗျားကို ဘယ်သူသတ်လိုက်တာလဲ... ဟုတ်လား"

ဦးလူပြာ... မဆိုစလောက်ကလေး အံ့ဩနေပုံရ၏။ သူက အက်ဒီကို ပြုံးပြသည်။

"သတ်လိုက်တာက... ခင်ဗျားပဲလေ"

□

mgyoe.com

mgyoe.com

# ဒီနေ့ အက်ဒီ့မွေးနေ့

ခုဆို သူ ခုနစ်နှစ်ရှိပြီ။ ဒီနှစ် သူ့အတွက် မွေးနေ့လက်ဆောင်က ဘော့စ်ဘောအသစ်တစ်လုံးလေ။ သူက ဘော့စ်ဘောကလေးကို ဟိုဘက်လက်နဲ့ ညှစ်ကြည့်လိုက်၊ ဒီဘက်လက်နဲ့ ညှစ်ကြည့်လိုက်နဲ့ သူ့လက်မောင်းတစ်လျှောက် တရှိန်ရှိန်ထိုးတက်လာတဲ့စွမ်းအားကို ခံစားကြည့်နေတယ်။ သူက သူ့ကိုယ်သူ သူစုဆောင်းထားတဲ့ လက်ဆောင်ကတ်ပြားတွေထဲမှာပါတဲ့ သူ့သူရဲကောင်းတွေထဲက တစ်ယောက်လို့ မြင်ယောင်ကြည့်နေတာကိုး။ သူ့ကိုယ်သူ နာမည်ကျော်ဘောလုံးစပစ်သမား ဘော့စ်ဘောသူရဲကောင်းကြီး ဝေါလ်တာဂျွန်ဆင်လို့ ပုံရိပ်ထင်ကြည့်ချင်ကြည့်နေမှာပေါ့။

"ဒီမှာ ပစ်ကွာ"

သူ့အစ်ကို ဂျိုးက ပြောလိုက်တယ်။

သူတို့ အလယ်လမ်းမကြီးအတိုင်း ပြေးလာလိုက်ကြတာ ကစားပွဲဆိုင်ကိုကျော်လာတယ်။ ဒီကစားနည်းက... သင်ပစ်လိုက်တဲ့ ဘောလုံးနဲ့ ထိလို့ အစိမ်းရောင်ပုလင်းသုံးလုံး လဲကျသွားရင် ဆုအဖြစ် အုန်းသီးတစ်လုံးနဲ့ အုန်းရည်စုပ်ဖို့ ပြွန်တံတစ်ချောင်းပေးတယ်လေ။

mgyoe.com

mgyoe.com


"လာကွာ အက်ဒီ... တစ်ယောက်တစ်ဝက်လေ"

ဂျိုးက မဲဆွယ်တယ်။

အက်ဒီ အပြေးရပ်ပြီး သူ့ကိုယ်သူ အားကစားကွင်းကြီးတစ်ခုတည်း ရောက်နေတဲ့ပုံမျိုး မြင်ယောင်ကြည့်လိုက်တယ်။ ပြီးတော့ ဘောလုံးကို ပစ်တယ်။ သူ့အစ်ကိုက သူ့တံတောင်ဆစ်တွေ ကွေးပြီး ကိုယ်ကိုဝပ်လိုက်တယ်။

"ပြင်းလွန်းအားကြီးတယ်ကွ"

ဂျိုးက အာခေါင်ခြစ်ပြီး အော်တယ်။

"ငါ့ဘောလုံး၊ မင်း ဘာမှမပြောနဲ့"

လို့ အက်ဒီက ပြန်အော်ပစ်လိုက်တာပေါ့။ ဘယ်ရမလဲ။

သူ့ဘောလုံးက သစ်သားစင်မြင့်လျှောက်လမ်းအတိုင်း... တဒိုင်းဒိုင်းလိမ့်သွားတယ်။ ပြီးတော့... တိုင်တစ်တိုင်ကို ဒိုင်းခနဲ ဝင်ဆောင့်ပြီး အရန်ပွဲတဲတွေရဲ့နောက်မှာရှိတဲ့ ကွက်လပ်ကလေးထဲ ရောက်သွားပါရော။ သူက ဘောလုံးနောက်ကို ပြေးလိုက်သွားတယ်။ ဂျိုးက နောက်ကပြေးလိုက်တယ်။ သူတို့ မြေကြီးပေါ်ဝပ်လိုက်ကြတယ်။

"ကိုကို... မင်းတွေ့လား"

အက်ဒီ မေးတယ်။

"ဟင့်အင်း..."

ဝုန်းဝုန်းဒိုင်းဒိုင်းအသံတစ်ခုက သူတို့အာရုံပျက်သွားအောင် နှောင့်ယှက်လိုက်တယ်။ ရွက်ဖျင်တဲအကာ တစ်ချပ်ပွင့်သွားတော့ အက်ဒီနဲ့ ဂျိုးတို့ မော့ကြည့်လိုက်ကြတယ်။ သူတို့တွေ့လိုက်ရတာက မတန်တဆဝတဲ့ မိန်းမကြီးတစ်ယောက်နဲ့ တစ်ကိုယ်လုံး အမွေးနီနီတွေ ဖုံးနေပြီး ရှပ်အင်္ကျီဝတ်မထားတဲ့ လူကြီးတစ်ယောက်ပါပဲ။ အံ့ဖွယ်ပြပွဲက အံ့ဖွယ်လူထူးလူဆန်းတွေပေါ့။

mgyoe.com

mgyoe.com


*ကလေးနှစ်ယောက် အကြောင်တွေ ဆိုင်းသွားတယ်။*

*"ကဲ... ကိုညဏ်ကျယ်တို့၊ ဒီနောက်ဘက်လာပြီး ဘာလုပ်နေတာလဲ၊ ပြဿနာလာရှာနေတာလားဟင်" တဲ့။*

*ဦးအမွေးထူကြီးက ပြုံးပြုံးကြီးမေးတယ်။*

*ဂျိုးရဲ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာတယ်။ သူက ငိုပါလေရော။ နောက်တော့ ဝုန်းခနဲ ခုန်ထပြီး တစ်ချိုးတည်း ပြေးတော့တာပဲ။ အက်ဒီလည်း ကျုံးထတာပေါ့။ အဲဒီတော့မှပဲ လွှစင်တစ်ခုနံဘေးကို ရောက်နေတဲ့ သူ့ဘောလုံးကို တွေ့လိုက်ရတယ်။ သူက အင်္ကျီမပါ ဗလာကိုယ်တည်းလူကြီးကို ကြည့်တယ်။ ပြီးတော့ ဘောလုံးကျနေတဲ့ နေရာဆီကို တရွေ့ရွေ့တိုးသွားတယ်။*

*"ဒါ ကျွန်တော့်ဘောလုံး" လို့ သူ ပလုံးပထွေးပြောတယ်။*

*ပြီးတော့... ဘောလုံးကို ဆတ်ခနဲကောက်ယူပြီး သူ့အစ်ကိုနောက်ကို တစ်ချိုးတည်း ပြေးလိုက်တော့တာပဲ။*

* * *

"နေစမ်းပါဦး ကိုယ့်ဆရာရဲ့... ကျွန်တော် ခင်ဗျားကို... ဘယ်တုန်းကမှ မသတ်ခဲ့ဖူးပါဘူး၊ ဟုတ်ရဲ့မဟုတ်လား"

အက်ဒီက မေးလိုက်၏။

ဦးလူပြာက ခုံတန်းရှည်တစ်လုံးပေါ်တွင် ထိုင်နေသည်။ သူက သူ့ညှိ့သည်တော် စိတ်ပေါ့လက်ပေါ့ဖြစ်အောင် ကြိုးစားသည့်အနေဖြင့် ပြုံးပြလိုက်သည်။

"ကျုပ်ရဲ့နာမည်ရင်းက စပြီးပြောမယ်နော်။ ကျုပ်ကို ဂျိုးဇက်ကော်ဗယ်ချစ်လို့ ကင်ပွန်းတပ်ထားကြတာဗျ၊ ပိုလန်ရွာကလေးတစ်ရွာက စက်ချုပ်သမားတစ်ဦးရဲ့သားပေါ့ဗျာ၊ ၁၈၉၄ ခုနှစ်မှာ ကျုပ်တို့

mgyoe.com

mgyoe.com


အမေရိကားကို လာခဲ့ကြတယ်။ အဲဒီတုန်းက ကျုပ်က ငချွတ်ကလေး ရှိသေးတာ၊ မေမေက ကျုပ်ကိုချီပြီး သင်္ဘောလက်ရန်းပေါ်ကနေ အမေရိကားကိုပြတယ်၊ အဲဒါဟာ ကျုပ်ရဲ့ကလေးဘဝရဲ့ အစောဆုံး အမှတ်သညာ တစ်ခုပဲ၊ ကမ္ဘာသစ်တစ်ခုရဲ့ လေပြည်လေညင်းထဲမှာ... မေမေက ကျုပ်ကို ပွေ့ဖက်ဝှေ့ယမ်းလို့ပေါ့"

"ပြည်ပြေးအများစုနည်းတူ ကျုပ်တို့မှာ ပိုက်ဆံမရှိဘူး၊ ဦးလေး ရဲ့စားဖိုဆောင်ထဲမှာ ဖျာခင်းပြီး အိပ်ကြရတယ်၊ ဖေဖေ့ကို ကုတ်အင်္ကျီဆိုင် မှာ မလုပ်မနေရ အတင်းအလုပ်လုပ်ခိုင်းကြတယ်၊ ကုတ်အင်္ကျီတွေမှာ ကြယ်သီးတွေ တပ်ပေးရတယ်လေ၊ ကျုပ် ဆယ်နှစ်ရောက်တော့ ကျုပ်ကို ကျောင်းထုတ်လိုက်တယ်၊ ကျုပ်ဖေဖေနဲ့အတူ အလုပ်ဝင်လုပ်တယ်"

အက်ဒီက ဦးလူပြာရဲ့ မျက်နှာခွက်ခွက်ကြီး၊ နှုတ်ခမ်းပါးပါးတွေနဲ့ ပြားချပ်နေတဲ့ရင်အုံတွေကို လိုက်ကြည့်နေတယ်။ *ဒီလူ ငါ့ကို ဘာကိစ္စ ဒါတွေလာပြောနေပါလိမ့်* ဟု အက်ဒီ တွေး၏။

"ကျုပ်ရဲ့ ပင်ကိုသဘာဝကိုက... ကြောက်တတ်တဲ့ကောင်ဗျ၊ ဆိုင်ထဲ က ဆူဆူညံညံအသံတွေက ကျုပ်ကို ပိုပြီးအထိတ်တလန့်ဖြစ်စေတာက လား၊ တကယ်တော့ ဆဲဆိုရေရွတ်ပြီး အပြစ်တင်ကြိမ်းမောင်းနေတဲ့ လူကြီးတွေကြားထဲမှာ အလုပ်လုပ်ဖို့ ကျုပ်က ငယ်လွန်းနေသေးတာပဲ"

ကြီးကြပ်ရေးမှူး အနီးအနားကို လျှောက်လာတိုင်း ဖေဖေက ကျုပ်ကို ပြောနေကျ၊ 'အောက်ကိုကြည့်နေ၊ သူ မင်းကို သတိမထားမိစေ နဲ့' တဲ့လေ၊ ဒီကြားထဲကတောင် တစ်ချိသားမှာတော့... ကျုပ် ခလုတ်တိုက် လဲပြီး ကြယ်သီးထုပ်တစ်ထုပ် လွတ်ကျပါလေရော၊ ကြမ်းပေါ်မှာ ကြယ် သီးတွေ ပြန့်ကျဲလို့ပေါ့ဗျာ၊ အလုပ်ကြီးကြပ်ရေးမှူးက အော်တော့၊ ငေါက် တော့တာပဲ၊ အဲဒီလောက်တောင် သောက်သုံးမကျတဲ့ကလေးမျိုး သူ မလိုချင်ဘူးတဲ့၊ ခုထွက်သွားတဲ့၊ ကျုပ် ခုထိ မြင်ယောင်တုန်းပါပဲ၊ ဖေဖေ

mgyoe.com

mgyoe.com


ဟာ လမ်းပေါ်က သူတောင်းစားတစ်ယောက်လို ကြီးကြပ်ရေးမှူးကို ရှိခိုးဦးတင် တောင်းပန်လိုက်တာများ၊ ကြီးကြပ်ရေးမှူးကတော့ သူ့နှာခေါင်းကို လက်ခုံနဲ့ပွတ်ရင်း ဖေဖေ့ကို သရော်စော်ကားလုပ်လို့ပေါ့၊ ကျုပ်လေ... ဘာဖြစ်မှန်းမသိဘူး၊ ဗိုက်ထဲက အောင့်လာတယ်၊ နောက်တော့ ကျုပ်ရဲ့ခြေထောက်တွေ စိုရွှဲသွားတာ သတိထားလိုက်မိတယ်၊ ကျုပ် ငုံ့ကြည့်လိုက်မိတယ်၊ ကြီးကြပ်ရေးမှူးက စိုရွှဲနေတဲ့ ကျုပ်ရဲ့ဘောင်းဘီတွေကို လက်ညှိုးထိုးပြတယ်၊ တဟားဟားရယ်တယ်၊ တခြားအလုပ်သမားတွေလည်း ဝိုင်းရယ်ကြတော့တာပေါ့၊

အဲဒီနောက်ပိုင်း ဖေဖေက ကျုပ်ကို စကားမပြောတော့ဘူး၊ သူ့ကို ကျုပ်က အရှက်ခွဲတယ်လို့ သူခံစားရတယ်လေ၊ သူကျင်လည်တဲ့ သူ့ကမ္ဘာမှာ ကျုပ်ရဲ့အပြုအမူကလည်း တကယ်အရှက်ခွဲသလို ဖြစ်သွားတယ်ထင်တာပဲ၊ ဒါပေမဲ့ ဖအေတွေဟာ သူတို့ရဲ့သားတွေကို ဖျက်ဆီးနိုင်တယ်နော်၊ အဲဒီအဖြစ်အပျက်ပြီးတဲ့နောက်၊ ကျုပ်လည်း ပုံစံတစ်မျိုးနဲ့ ပျက်စီးသွားတယ်၊ ကျုပ်က ကြောက်တတ်တဲ့ကလေးပါလို့ဆို၊ နောက် အသက်ကလေးရလာတော့ ကြောက်တတ်တဲ့ကောင်လေးဖြစ်လာတာပေါ့၊ အဆိုးပေါင်းစုံထဲမှာ အဆိုးဆုံးကတော့... ညညဆို အိပ်ရာထဲမှာ သေးပေါက်ချတာပဲ၊ မနက်ဘက်တွေဆို ကျုပ်ရေချိုးခန်းထဲ တိတ်တိတ်ကလေးဝင်၊ သေးစိုအဝတ်တွေကို ရေလျှော်ခွက်ထဲထည့်၊ ရေစိမ်လုပ်ရတာပေါ့၊ တစ်မနက်မှာတော့ ကျုပ် အဲဒီလိုလုပ်နေတာ ဖေဖေနဲ့ တန်းတိုးပါလေရော၊ သူက သေးစိုအဝတ်တွေကိုကြည့်တယ်၊ ပြီးတော့... ကျုပ်ကို စိန်းစိန်းစိုက်ကြည့်တယ်၊ သူကြည့်လိုက်တဲ့မျက်လုံးတွေကို ကျုပ်တစ်သက်မေ့လို့မရတော့ဘူး၊ သူနဲ့ ကျုပ်ရဲ့ကြားမှာ နှောင်ဖွဲ့ထားတဲ့ သံယောဇဉ်ကြိုးကို ဖြတ်ပစ်ချင်တဲ့ အရိပ်အရောင်တွေ... သူ့မျက်လုံးထဲမှာ ပေါ်နေတယ်လေ”

mgyoe.com

mgyoe.com


ဦးလူပြာ ခဏနားသည်။ ပြာပြာအရည်များ ရွှဲနစ်နေဟန်ပေါက်သည့် သူ့အရေပြားများသည် သူ့ခါးပတ်ပတ်လည်တွင် အဆီပြင်ကလေးတွေ စူထွက်သလို ထွက်ကျနေ၏။ အက်ဒီ ငေးစိုက်မကြည့်ဘဲ မနေနိုင်။

"ခုလိုဖြစ်လာတာ... သိပ်ထူးထူးဆန်းဆန်းဖြစ်ရပ်ကြီးတော့ မဟုတ်ဘူး အက်ဒီရဲ့။ ဒါပေမဲ့ အဲဒီခေတ် အဲဒီကာလတုန်းက ဆေးဝါးတွေက မဖွံ့ဖြိုးသေးဘူးလေ၊ ဒါနဲ့ ကျုပ် အိမ်သုံးဆေးဆိုင်ကိုသွားတယ်၊ ကျုပ်ရဲ့ အာရုံကြောတွေအတွက် ဆေးတစ်မျိုးမျိုးပေးဖို့ ပြောတယ်၊ သူက ငွေနိုက်ထရိတ် တစ်ပုလင်းထုတ်ပေးတယ်၊ အဲဒါကို ရေနဲ့ရောပြီး... ညတိုင်းသောက်ဖို့ ညွှန်ကြားလိုက်တယ်၊ ငွေနိုက်ထရိတ်လေ... နောင်တစ်ချိန်မှာ အဲဒီအရည်ကို အဆိပ်လို့သတ်မှတ်ကြတာဗျို့၊ ဒါပေမဲ့ ကျုပ်မှာ အားကိုးစရာက ဒါပဲရှိတာလေ၊ အဲဒီဆေးနဲ့ အလုပ်မဖြစ်တော့ ကျုပ်ဆေးသောက်တာနည်းလို့လို့ ထင်တာပေါ့၊ ဒီတော့ ပိုသောက်တယ်၊ ရေမပါဘဲ နှစ်ကျိုက်သောက်တယ်၊ တစ်ခါတလေဆို... သုံးကျိုက်မော့ချလိုက်တာပဲ၊

သိပ်မကြာပါဘူး၊ လူတွေ ကျုပ်ကို ထူးထူးဆန်းဆန်း ကြည့်လာတယ်၊ ကျုပ်ရဲ့အရေပြားအရောင်တွေက မီးခိုးရောင်ပေါက်လာတာကိုး၊

ကျုပ် ရှက်လည်းရှက်၊ တုန်လည်းတုန်လှုပ်ရဲ့၊ ကျုပ် ငွေနိုက်ထရိတ်တွေ ပိုတောင်သောက်ပစ်လိုက်သေး၊ နောက်ဆုံး အဆိပ်ရည်ရဲ့ ဘေးထွက်ဆိုးကျိုးအနေနဲ့... ကျုပ်ရဲ့အသားတွေ မီးခိုးရောင်ကနေ... အပြာရောင်ပေါက်လာတဲ့အထိပါပဲဗျာ"

ဦးလူပြာက နားလိုက်၏။ သူ့အသံတိုးသွားသည်။

"စက်ရုံက ကျုပ်ကို အလုပ်ဖြုတ်လိုက်တယ်၊ ကျုပ်ကြောင့် တခြားအလုပ်သမားတွေ ထိတ်လန့်ကြတယ်လို့ အလုပ်ကြီးကြပ်ရေးမှူးက မိန့်တော်မူတယ်၊ အလုပ်မရှိတဲ့နောက်... ကျုပ် ဘာနဲ့စားမလဲ၊ ဘယ်မှာနေရမှာလဲ"

mgyoe.com

mgyoe.com


ကျူပ်နေဖို့ အခန်းကလေးတစ်ခန်း ရတယ်၊ ကျူပ် ကုတ်အင်္ကျီဝတ် ဦးထုပ်ဆောင်းပြီး ပုန်းခိုနေလို့ရမယ့် ခပ်မှောင်မှောင်အခန်းကလေးပေါ့။ တစ်ညမှာတော့ နယ်လှည့်ပွဲသမားတွေ အဲဒီအခန်းနောက်ဘက်ကို ရောက်လာကြတယ်၊ ဆေးပြင်းလိပ်တွေ မိုးမွှန်အောင်သောက်ကြ၊ တဝါး ဝါးတဟားဟား ရယ်ကြပေါ့ဗျာ၊ သူတို့အထဲက သစ်သားခြေတု တစ်ချောင်းတပ်ထားတဲ့ လူညက်ကလေးက ကျူပ်ကို တကြည့်ကြည့် လုပ်နေတယ်၊ နောက်ဆုံး သူ… ကျူပ်ကို ချဉ်းကပ်တော့တာပဲ၊

အဲဒီည သန်းခေါင်အချိန်လည်းရောက်ရော… သူတို့နယ်လှည့် အဖွဲ့နဲ့လိုက်ဖို့ ကျူပ်သဘောတူလိုက်ရော။ အဲဒီမှာ ကျူပ်ဟာ ကုန်ပစ္စည်း တစ်ခုအဖြစ် ဘဝစပြောင်းရတော့တာပဲ"

ဦးလူပြာ၏မျက်နှာပေါ်တွင် မထူးဇာတ်ခင်းနေသည့် အရိပ် လက္ခဏာများကို အက်ဒီ မြင်တွေ့ရသည်။ အရန်ပြပွဲရုံတွေမှာပြသည့် လူထူးလူဆန်းတွေ ဘယ်ကရောက်ရောက်လာကြပါလိမ့်လို့ အက်ဒီ မကြာခဏ အတွေးကြွယ်ခဲ့သည်။ ထိုဇာတ်ကောင်တစ်ကောင်တိုင်း၏ နောက်ကွယ်တွင်… ရင်နာကြေကွဲဖွယ်ဇာတ်လမ်းတစ်ပုဒ်စီတော့… ရှိရ မည်ဟု သူ မှတ်ယူထားခဲ့၏။

"နယ်လှည့်ပြပွဲသမားတွေက ကျူပ်ကို နာမည်တွေပေးတော့တာ ပဲ အက်ဒီရေ။ တစ်ခါတလေကြ မြောက်ဝင်ရိုးစွန်းက လူပြာကြီး၊ (ဒါမှ မဟုတ်) အယ်လ်ဂျီးရီးယားက ကိုလူပြာ၊ ဒါမှမဟုတ် နယူးဇီလန်က ဦးလူပြာပေါ့ဗျာ။ တကယ်တော့… သူတို့ပြောနေတဲ့နေရာတွေကို ကျူပ် တစ်ခေါက်မှ မရောက်ဖူးပါဘူး၊ ဒါပေမဲ့ ဆိုင်းဘုတ်ကလေးနဲ့ဖြစ်ဖြစ် ကျူပ်ကို တိုင်းတစ်ပါးသားလို့ အထင်ခံရတာ မဆိုးပါဘူး။ 'ပြပွဲ' က ရိုးရိုးကလေးပါ။ အင်္ကျီမပါ အပေါ်ပိုင်းဗလာနဲ့ စင်မြင့်ပေါ်က ကုလား ထိုင်မှာ ကျူပ်ထိုင်နေချိန်မှာ ပွဲကြည့်ပရိသတ်က ဖြတ်လျှောက်ပြီး ကြည့်

mgyoe.com

mgyoe.com


ကြတာပေါ့။ အဲဒီအချိန်မှာ ဈေးခေါ်သမားက ကျုပ်ရဲ့အဖြစ်ဟာ ဘယ်လောက်သနားစရာ၊ ကြေကွဲစရာကောင်းတယ်ဆိုတဲ့အကြောင်း အာပေါင်အာရင်းသန်သန်နဲ့ အော်ဟစ်နေတယ်လေ၊

ဒီလို သူတို့နဲ့ လက်တွဲလိုက်တဲ့အတွက်... ကျုပ်အိတ်ထဲကို အသပြာ အကြွေစေ့ကလေး အနည်းအကျဉ်းထည့်နိုင်တာပေါ့။ အဲဒီအဖွဲ့ မန်နေဂျာကဆို သူ့ရှုံးမှာ ကျုပ်ဟာ ဝင်ငွေအကောင်းဆုံးရုပ်ပြတစ်ခုလို့တောင် တစ်ခါက ပြောတာဗျ။ ပြောရရင်... ကြေကွဲစရာတော့အကောင်းသား၊ သူတို့ အဲဒီလိုပြောတာကို ကျုပ်က ဂုဏ်ယူနေမိတယ်လေ၊ လူတစ်ယောက်ဟာ အပယ်ခံဖြစ်နေတဲ့အခါကြတော့ သူ့ဆီပစ်ပေးလိုက်တဲ့ ကျောက်ခဲကလေးတစ်လုံးကိုတောင် မြတ်နိုးတွယ်တာနေမိတာကလား၊

ဆောင်းရာသီတစ်ခုမှာတော့... ကျုပ် ဒီဆိပ်ခံတံတားကြီးကို ရောက်လာတယ်၊ ရှုဘီပိုင်ယာလေ... သူတို့က 'ထူးဆန်းထွေလာ အံ့ဖွယ်လူသားများ' ဆိုတဲ့ခေါင်းစည်းနဲ့ အရန်ပြပွဲတစ်ပွဲ သွင်းနေတယ်၊ မြင်းလှည်းတွေနဲ့ တဝုန်းဝုန်းတဒိုင်းဒိုင်း နယ်လှည့်နေရတာနဲ့စာရင်... တစ်နေရာတည်းမှာ ရုံသွင်းခံရတာ ပိုကောင်းမယ်လို့ ကျုပ်စဉ်းစားမိတယ်။

ဒီနေရာဟာ... ကျုပ်ရဲ့အိမ်ရာဖြစ်လာတယ်၊ ဝက်အူချောင်းဆိုင်တစ်ဆိုင်ရဲ့အပေါ်ထပ်က အခန်းတစ်ခန်းမှာ... ကျုပ်နေတယ်။ ညဘက်တွေဆို ကျုပ်ဖဲကစားတာပဲ၊ အရန်ပြပွဲအလုပ်သမားတွေနဲ့... သံဖြူဆရာတွေနဲ့၊ တစ်ခါတလေ ခင်ဗျားဖေဖေတောင် ပါလိုက်သေး။ မနက်စောစောပိုင်းတွေကြတော့ အင်္ကျီရှည်ကြီးတွေ ဖို့ရို့ဖားရားဝတ်ပြီး ခေါင်းပေါင်းပေါင်းထားပြီး အမှတ်တမဲ့ သောင်ခုံပေါ်မှာ လမ်းလျှောက်တယ်။ လူတွေ အထိတ်တလန့်မဖြစ်တော့ဘူးပေါ့။ ဒီလိုနေရတာ သိပ်စာဖွဲ့ရလောက်တဲ့ အနေအထားမဟုတ်ပါဘူး။ ဒါပေမဲ့ ကျုပ်အတွက်တော့ ရတောင့်ရခဲ လွတ်လပ်မှုကြီးတစ်ရပ်လေ"

mgyoe.com

mgyoe.com


သူ စကားပြောရပ်သည်။ အက်ဒီကို ကြည့်သည်။

"ခင်ဗျားသဘောပေါက်ရဲ့လား၊ ကျုပ်တို့ ဘာဖြစ်လို့ ဒီကိုရောက်နေရသလဲဆိုတာ၊ ဒီနေရာဟာ... ခင်ဗျားရဲ့ ကောင်းကင်ဘုံမဟုတ်ဘူး၊ ကျုပ်ရဲ့ကောင်းကင်ဘုံဗျ"

* * *

ဇာတ်လမ်းတစ်ပုဒ်ကို မတူခြားနားသော ရှုထောင့်နှစ်ခုမှ ရှုမြင်သုံးသပ်ကြရအောင်။

အက်ဒီနှင့် သူ့သူငယ်ချင်းတစ်စုသည်... အက်ဒီ... လွန်ခဲ့သည့်နှစ်တုန်းက မွေးနေ့လက်ဆောင်ရခဲ့သည့် ဘော့စ်ဘောကလေးဖြင့် ပစ်ပေါက်ဆော့ကစားနေကြ၏။ အချိန်ကာလမှာ ၁၉၂၀ ပြည့်လွန်နှစ်များ၏ ဇူလိုင်လ။ မိုးဖွဲဖွဲရွာနေသော တနင်္ဂနွေနေ့ နံနက်ခင်းတစ်ခု။ ဘောလုံးကလေးသည် အက်ဒီ့ခေါင်းပေါ်ကကျော်ပြီး လမ်းပေါ်ရောက်သွားသည်။ ညိုဝါရောင်ဘောင်းဘီရှည်နှင့် သိုးမွေးကက်ဦးထုပ်ဆောင်းထားသော အက်ဒီက ဘောလုံးနောက်သို့ ပြေးလိုက်သွားသည်။ သူသည် လမ်းပေါ် ဖြတ်ပြေးရင်း ဖို့ဒ်မော်ဒယ်အေ... ကားလေးတစ်စီးရှေ့သို့ ပြေးဝင်မိလျက်သားဖြစ်သွားသည်။ မော်တော်ကားဘီးတွေလည်း တကျွီကျွီမြည်သွားသည်။ မော်တော်ကားကလေးက ဆတ်ခနဲ ဆွဲကွေ့သွားသည်။ အက်ဒီမှာ သီသီကလေး လွတ်သွားသည်။ သူ ကျောထဲစိမ့်ပြီး ဆတ်ခနဲ တုန်သွားသည်။ သက်ပြင်းမှုတ်ထုတ်ပြီး ဘောလုံးကိုပြေးကောက်ကာ သူ့အပေါင်းအသင်းများဆီသို့ ပြန်ပြေးသွားသည်။ ခဏနေတော့ သူတို့ ကစားပွဲသိမ်းလိုက်ကြ၏။ ကလေးတွေ အမိုးခုံးခုံးနှင့် ကစားပွဲရုံကြီးဆီသို့ ပြေးကြပြန်သည်။ ကစားစရာအရုပ်ကလေးများကို ကဏန်းလက်မလို စက်ကြီးများဖြင့် ညှပ်ယူရသည့် 'အဲရီဒစ်ဂါ' စက်ကြီးဖြင့် ကစားဖို့။

mgyoe.com

mgyoe.com


ယခု ထိုဓာတ်လမ်းကို ခြားနားသော ရှုထောင့်တစ်မျိုးမှ ကြည့်ပါဦး။ ဖို့ဒ်မော်ဒယ်အကောကလေးမောင်းလာသူသည်… သည်ကားကို အမောင်းလေ့ကျင့်ဖို့ မိတ်ဆွေတစ်ဦးထံမှ ငှားလာခြင်းဖြစ်၏။ နံနက်ခင်း မိုးကြောင့် လမ်းက ရေစိုနေသည်။ ရုတ်တရက်ကြီး ဘောလုံးတစ်လုံး လမ်းပေါ်ဖြတ်လိမ့်လာပြီး ဘောလုံးနောက်က ကောင်လေးတစ်ယောက် ပြေးလိုက်လာသည်။ ယာဉ်မောင်းက ဘရိတ်ကို ဆောင့်နင်းသည်။ လက်ကိုင်ဘီးကို ဆွဲလှည့်လိုက်သည်။ မော်တော်ကား ဒယဉ်တိုက်ပါသွားသည်။ ကားဘီးတွေ တကျွီကျွီမြည်သံပြုသည်။

ထိုလူ တစ်နည်းတစ်ဖုံအားဖြင့်… ကားကို ပြန်ထိန်းလိုက်နိုင်၏။ ဖို့ဒ်ကားကလေး ဆက်လိမ့်သွားသည်။ နောက်ကြည့်မှန်ထဲ လှမ်းကြည့်တော့… ကောင်ကလေး မရှိတော့။ မြင်ကွင်းထဲက ပျောက်သွားပြီ။ သို့သော် ယာဉ်မောင်းက ကံဆိုးမိုးမှောင်ကျမည့်အဖြစ်နှင့် သီသီကလေး လွတ်သွားသည့်အကြောင်းကို ပြန်တွေးပြီး ကတုန်ကယင် ဖြစ်နေသည်။ စိတ်လှုပ်ရှားမှုကြောင့် သွေးတွေ တဒိုင်းဒိုင်းခုန်နေသည်။ အားနည်းသော သူ့နှလုံးသည် သွေးခုန်နှုန်းကြောင့် အားအင်ကုန်ခန်းကျန်ခဲ့သည်။ ထိုလူ မူးရီမူးဝေဖြစ်လာပြီး ဦးခေါင်းတစ်ချက် ငိုက်သွားသည်။ သူ့ကားသည် တခြားကားတစ်စီးနှင့် တိုက်မိတော့မတတ်။ ဟိုဘက်ကားယာဉ်မောင်းက ဟွန်းကို အသည်းအသန်တီးသည်။ သည်တော့မှ… ဖို့ဒ်ကားသမားသည် ကားကိုဆွဲကွေ့ပြီး ဘရိတ်တွေ နင်းလိုက်ပြန်၏။ သူ့ကားကလေးလည်း ရိပ်သာလမ်းအတိုင်း ဒယဉ်တိုက်ပါသွားသည်။ ထို့နောက်… လမ်းကြားကလေးတစ်ခုထဲ ကွေ့ဝင်သွားသည်။ သူ့ကား လမ်းကြားကလေးထဲ ဆက်လိမ့်သွားသည်မှာ ရပ်ထားသည့်ကားတစ်စီး၏ နောက်မြီးကို ဝင်တိုက်မိသည်အထိ။ ဒိုင်းခနဲ မြည်သံထွက်လာသည်။ ကားရှေ့မီးတွေ ကွဲကုန်သည်။ တိုက်သည့်အရှိန်ကြောင့် ထိုလူသည် လက်ကိုင်ဘီးနှင့်

mgyoe.com

mgyoe.com


ဆောင့်မိသည်။ နဖူးမှသွေးတွေ ဖြာကျလာသည်။ သူက ဖို့ဒ်ကားပေါ်က ဆင်းသည်။ အပျက်အစီးကိုတွေ့သည်။ သူသည် မိုးစိုနေသည့်လမ်းပေါ်သို့ ပြိုလဲကျသွားသည်။ သူ့လက်မောင်းတွေ ကိုက်နေသည်။ ရင်ဘတ်က နာနေသည်။

အချိန်အခါမှာ တနင်္ဂနွေ၊ နံနက်ပိုင်း။ လမ်းသွယ်ကလေးထဲမှာ လူသူရှင်းနေသည်။ ထိုလူ ထိုနေရာမှာပင် လဲနေသည်။ သူ့ကို ဘယ်သူမျှ မတွေ့။ သူ၏သွေးပြန်ကြောကြီးများမှ သွေးတွေ သူ့နှလုံးဆီသို့ စီးမဝင်တော့။ တစ်နာရီကြာသွားသည်။ ရဲသားတစ်ဦးက သူ့ကိုတွေ့သွားသည်။ သည်လူ အသက်မရှိတော့ကြောင်း မှုခင်းဆရာဝန်က ကြေညာသည်။ သေဆုံးရခြင်းအကြောင်းရင်းကို 'နှလုံးရောဂါ ဖောက်ပြန်မှု' ဟု ဖော်ပြထားသည်။ သည်လူမှာ ဆွေမျိုးသားချင်းတွေရှိသည်ဟု ဘယ်သူမျှ မသိကြ၊ မကြားကြချေ။

ဓာတ်လမ်းတစ်ပုဒ်ကို ခြားနားသော ရှုထောင့်နှစ်ခုမှ ရှုမြင်သုံးသပ်ကြည့်ပါ။ ဖြစ်ပျက်သည့်နေ့က၊ တစ်နေ့တည်း။ တစ်ချိန်တည်း၊ အားလုံး အတူတူ။ သို့ပေမဲ့ မြင်ကွင်းတစ်ခုက အမိုးခုံးစားပွဲရုံကြီးတွင် ပျော်ပျော်ပါးပါး ဓာတ်သိမ်းသွားသည်။ ညိုဝါရောင်ဘောင်းဘီနှင့် ကောင်ကလေးသည် 'အဲရစ်ဒစ်ဂါ' စက်ကြီးထဲသို့ အကြွေစေ့ကလေးတွေ ပစ်ထည့်နေသည်။ တခြားမြင်ကွင်းမှာတော့ ဓာတ်သိမ်းက သိပ်မလှ။ မြို့တော်ရေခဲတိုက်ထဲမှာ ဓာတ်သိမ်းသွားသည်။ ရေခဲတိုက်တွင်... အလုပ်သမားတစ်ဦးက အရန်ပြပွဲတွင် နောက်ဆုံးရောက်လာသည့် လူပြာကြီးကို သွားကြဖို့ အခြားအလုပ်သမားတစ်ဦးနှင့် အဖော်ညှိနေသည်။

"တွေ့တယ်မဟုတ်လား... ချာတိတ်ကလေး"

ဦးလူပြာက သူ့ရှုထောင့်မှမြင်ရသည့်ဓာတ်လမ်းကို အဆုံးသတ်လိုက်၏။

mgyoe.com

mgyoe.com


အက်ဒီ ကျောထဲစိမ့်သွားသည်။
"ဟိုး... မဟုတ်သေးပါဘူးဗျာ"
သူ တိုးတိုးကလေး ရေရွတ်လိုက်၏။

▢

mgyoe.com

mgyoe.com

# ဒီနေ့ အက်ဒ့ီမွေးနေ့

သူ့အသက် ရှစ်နှစ်ရှိပြီ။ သူက လေးကွက်ကျား ပိတ်စခင်းထားတဲ့ ညောင်စောင်းအစွန်မှာထိုင်လို့။ လက်နှစ်ဖက်ကို စိတ်ဆိုးမာန်ဆိုး ပိုက်ထားတယ်။ သူ့မေမေက သူ့ခြေရင်းမှာ။ သူ့ရှူးဖိနပ်တွေကို ကြိုးချည်ပေးနေတာလေ။ သူ့ဖေဖေကတော့... ကြည့်မှန်ရှေ့မှာရပ်ပြီး... လည်စည်းကို ချည်နေလေရဲ့။

"သား... သွားကို မသွားချင်ဘူး"

အက်ဒီက ရေရွတ်တယ်။

"မေမေသိတယ်"

သူ့မေမေက မော့မကြည့်ဘဲ ပြောလိုက်တယ်။

"ဒါပေမဲ့... မေမေတို့ သွားကိုသွားရမယ်လေ၊ တစ်ခါတလေ ကြေကွဲစရာကိစ္စတွေဖြစ်လာရင်... လုပ်စရာရှိတာတွေ လုပ်ရတာပဲ သားရဲ့"

"ဒါပေမဲ့ ဒီနေ့က သားရဲ့ မွေးနေ့... ဟာကို"

အက်ဒီက အခန်းထောင့်မှာချထားတဲ့ အရုပ်ဆက်ကစားစရာကလေးကို လွမ်းလွမ်းဆွေးဆွေး ကြည့်နေတယ်။ အခန်းထောင့်မှာ ပုံ

mgyoe.com

mgyoe.com

ထားတာက သတ္တုကြွင်းကလေးတွေ၊ သားရေဘီးကလေးတွေ၊ သူက ထရပ်ကားတစ်စီး ဆောက်နေတာ၊ ပစ္စည်းတွေ ဆက်စပ်ပြီး အရုပ်လုပ်တဲ့ဘက်မှာ သူက တော်တယ်လေ။ ဒီကားကလေးကို သူက သူ့သူငယ်ချင်းတွေကို မွေးနေ့ပွဲမှာ ထုတ်ကြွားဖို့ စိတ်ကူးထားတဲ့ဟာကို။ ခုတော့ သူ့ကို သူတို့တစ်နေရာရာကိုသွားဖို့ အဝတ်အစားလဲနေရတယ်လေ။ သူတွေးတယ်။ ဒါ မတရားဘူးလို့။

သိုးမွေးဘောင်းဘီဝတ်ပြီး ဖဲပြားပုံလည်စည်း စည်းထားတဲ့ သူ့အစ်ကို ဂျိုး ဝင်လာတယ်။ ဘယ်ဘက်လက်ထဲမှာ ဆော့စ်ဘော လက်အိတ်တစ်ဖက်ကိုင်လို့။ သူက လက်အိတ်ကို ဖြန်းခနဲ အသံမြည်အောင် ရိုက်လိုက်တယ်။ သူက အက်ဒီကို အငေါ်တူးတူးကြည့်လိုက်တယ်။

"အဲဒါ ငါ့ဖိနပ်အဟောင်းတွေ၊ ငါ့ဖိနပ်အသစ်တွေက ပျံနေတာပဲ"

အက်ဒီ ရှုံ့သွားတယ်။ ဂျိုးရဲ့လက်ကျတွေကို ဝတ်ဆင်ရတာ... သူ သိပ်မုန်းတာကလား။

"တွန့်လိမ်မနေစမ်းနဲ့"

သူ့မေမေက ပြောတယ်။

"နာတယ် မေမေရဲ့"

အက်ဒီ ကျိုကျလိုက်တယ်။

"တော်လောက်ပြီပေါ့"

သူ့ဖေဖေက လှမ်းအော်တယ်။ အက်ဒီကို စိန်းစိန်းကြည့်တယ်။ အက်ဒီ အသံတိတ်သွားရတော့တာပေါ့။

သူသာန်ရောက်တော့... အက်ဒီဟာ အလုပ်သမားတွေကို မှတ်တောင် မမှတ်မိဘူး။ ရွှေကျင်ခတ် အဝတ်အစားတွေနဲ့ ဦးပေါင်းအနီတွေ ပေါင်းနေကြ အလုပ်သမားတွေက ခုတော့ သူ့ဖေဖေလိုပဲ အနက်ရောင်ဝတ်စုံတွေဝတ်လို့။ မိန်းမတွေကလည်း အားလုံး အနက်ရောင်အဝတ်တွေ

mgyoe.com

mgyoe.com


ပဲ ဝတ်ထားကြတယ်လေ။ တချို့က မျက်နှာပေါ်မှာ ဇာပဝါပါးပါးကလေး တွေ လွှမ်းထားလိုက်သေး။

တွင်းတစ်တွင်းထဲကို လူတစ်ယောက်က မြေကြီးတွေ ကော်ထည့်နေတာကို အက်ဒီ ကြည့်နေတယ်။ အဲဒီလူက ပြာတွေအကြောင်း တစ်ခုခု ပြောနေတယ်။ အက်ဒီက သူ့မေမေလက်ဆွဲပြီး... နေမင်းကြီးကို မျက်ကြောရှုံ့ကြည့်နေမိတယ်။ သူ သိပါတယ်။ သူ ကြေကွဲနေရမယ်၊ ဝမ်းနည်းနေရမယ်လေ၊ ဒါပေမဲ့ သူက... တိတ်တိတ်ကလေး နံပါတ်တွေ ရေတွက်နေတယ်၊ နံပါတ် ၁ က စလို့ပေါ့။ အမှတ်စဉ် ၁၀၀၀ ရောက်တာနဲ့... သူ့မွေးနေ့ကို ပြန်ပြီးရမှာပဲဆိုတဲ့... မျှော်လင့်ချက်နဲ့ပေါ့။

❒

mgyoe.com

mgyoe.com

## ပထမ သင်ခန်းစာ

"တစ်ဆိတ်လောက် ဆရာသမားရယ်"

အက်ဒီက တောင်းပန်သည်။

"ကျွန်တော် မသိလို့ပါ၊ ကျွန်တော်ပြောတာ ယုံပါ၊ ဘုရားရေ... ကျွန်တော် မသိခဲ့ရပါဘူးဗျာ"

ဦးလူပြာ ခေါင်းညိတ်၏။

"ခင်ဗျား ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ အဲဒီတုန်းက ခင်ဗျား ငယ်လွန်းသေးတယ်လေ"

အက်ဒီ နောက်ဆုတ်လိုက်၏။ တိုက်ပွဲတစ်ပွဲ နွှဲတော့မည့်ပမာ ခန္ဓာကိုယ်ကို အသင့်ပြင်ထားလိုက်၏။

"ဒါပေမဲ့လည်း ခုတော့ ကျွန်တော် ပေးဆပ်ရတော့မှာပေါ့"

"ပေးဆပ်ရမယ်... ဟုတ်လား"

"ကျွန်တော့်အကုသိုလ်အတွက်လေ၊ ဒါကြောင့် ကျွန်တော် ဒီကိုရောက်လာရတာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ တရားစီရင်ခံဖို့မဟုတ်လား"

ဦးလူပြာ ပြုံးသည်။

"မဟုတ်ရပါဘူး အက်ဒ်ဝပ်ရာ... ခင်ဗျား ဒီနေရာကို ရောက်လာရ

mgyoe.com

mgyoe.com


တာဟာ ခင်ဗျားကို ကျုပ်က တစ်ခုခုသင်ကြားပေးလို့ရအောင်လို့ပါ၊ ဟောဒီမှာ ခင်ဗျားနဲ့တွေ့တဲ့ လူအားလုံးမှာ... ခင်ဗျားကို သင်ပေးစရာ တစ်ခုစီ ရှိကြတယ်ဗျ"

အက်ဒီ သိပ်မယုံ။ လက်သီးတွေ ဆက်ပြီးဆုပ်ထားသည်။

"လောကမှာ အစီအစဉ်မဲ့ ကြုံသလိုဖြစ်လာတဲ့ လုပ်ရပ်တွေ မရှိတဲ့အကြောင်း၊ ကျုပ်တို့အားလုံး ဆက်စပ်နေတဲ့အကြောင်းပေါ့၊ ခင်ဗျား လေပြည်နဲ့လေပြင်းကို တခြားစီခွဲထုတ်လို့မရသလို ဘဝတစ်ခုနဲ့ တခြား ဘဝတစ်ခုကို... ခွဲထုတ်လို့မရတဲ့အကြောင်းပေါ့"

အက်ဒီသည် ခေါင်းကိုတွင်တွင်ခါသည်။

"ကျွန်တော်တို့ ဘောလုံးတစ်လုံးကို ပစ်နေတာဗျ၊ အဲဒီဘောလုံး အဲဒီလို လမ်းပေါ်ရောက်သွားတာ ကျွန်တော့်မိုက်မဲမှုပါ၊ ကျွန်တော့်မိုက်မဲမှုကြောင့် ခင်ဗျားက ဘာကိစ္စ သေပေးရမှာလဲ၊ ဒါ တရားမျှတမှုမှမရှိဘဲ"

ဦးလူပြာက လက်ကာပြသည်။

"သေခြင်းနဲ့ရှင်ခြင်းမှာ... တရားမျှတမှုဆိုတာ... မရှိဘူးလေ၊ တရားမျှတမှုရှိမှ သေရမယ်ဆိုရင်... လူတော်လူကောင်းတွေ... ဘယ်တော့မှ ငယ်ငယ်ရွယ်ရွယ်နဲ့ သေကြမှာ မဟုတ်ဘူး"

သူက သူ့လက်ဝါးကို အပေါ်ဘက်သို့ လှန်လိုက်၏။ ရုတ်ခြည်း ဆိုသလို သူတို့နှစ်ယောက်သည် သုသာန်တစ်ခု၏ နောက်ဘက် အသုဘရှုသူတစ်စု၏နောက်နားသို့ ရောက်သွားသည်။ သင်္ချိုင်းအုတ်ဂူ တစ်ခုအနီးတွင် ဘုန်းတော်ကြီးတစ်ပါးက သမ္မာကျမ်းစာအုပ်ထဲမှ တရားစာတွေ ဖတ်နေ၏။ သူတို့ သူတို့တစ်တွေ၏မျက်နှာများကို အက်ဒီ မမြင်သာ။ ဦးထုပ်နောက်ပိုင်းတွေ၊ အင်္ကျီတွေနှင့် ကုတ်အင်္ကျီတွေပဲ မြင်ရသည်။

"ကျုပ်ရဲ့ အသုဘလေ"

mgyoe.com

mgyoe.com


ဦးလူပြာက ရှင်းပြသည်။

"အသုဘရှုသူတွေကိုကြည့်၊ တချို့ဆို... ကျုပ်ကို ကောင်းကောင်းတောင်သိကြတာမဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ အသုဘလိုက်ပို့ခဲ့ကြတယ်၊ ဘာဖြစ်လို့လဲ၊ ခင်ဗျားတွေးကြည့်ဖူးလား၊ တခြားလူတွေသေတဲ့အခါ ကျန်တဲ့လူတွေက... ဘာဖြစ်လို့ လာပြီးစုဝေးကြတာလဲ၊ ဘာဖြစ်လို့... ဒီလိုစုဝေးသင့်တယ်လို့ စိတ်ထဲဖြစ်ပေါ်လာကြရတာလဲ။

"ဘာဖြစ်လို့လဲဆိုတော့ ဘဝ ဘဝအားလုံးဟာ တစ်ခုနဲ့တစ်ခု ဖြတ်တောက်ဆုံစည်းနေကြောင်း လူတွေရဲ့ရင်ထဲ အသည်းထဲကကို ယုံကြည်ကြလို့ပေါ့၊ သေခြင်းတရားက တစ်ယောက်ယောက်ကို နုတ်ယူသွားရုံ မဟုတ်ဘူး၊ တစ်ယောက်ယောက်ကို လွတ်သွားတဲ့အကြောင်း၊ နောက်ပြီး အဲဒီလိုမိသွားခြင်းနဲ့ လွတ်သွားခြင်းဆိုတဲ့... အချိန်တိုတို ကလေးအတွင်းမှာ ဘဝတွေပြောင်းလဲကုန်တယ်ဆိုတဲ့အကြောင်း... လူသားတွေ သိနေလို့ပေါ့"

ကျုပ်အစား ခင်ဗျားသေသင့်တာလို့ ခင်ဗျားကပြောတယ်၊ ဒါပေမဲ့ ကမ္ဘာပေါ်မှာ ကျုပ်နေခဲ့ရတဲ့အချိန်အတွင်း ကျုပ်မသေဘဲ၊ တခြားလူတွေ သေခဲ့ရတာပဲလေ၊ ဒီအဖြစ်မျိုးက နေ့တိုင်းဖြစ်နေတာ၊ ခင်ဗျားရောက်နေတဲ့နေရာကထွက်သွားလို့ တစ်မိနစ်လည်းကြာရော... အဲဒီနေရာကို မိုးကြိုးပစ်တော့တာပဲ၊ ဒါမှမဟုတ် ခင်ဗျားစီးလာတဲ့လေယာဉ်ကြမှ ပျက်ကျမယ်၊ ခင်ဗျားအပေါင်းအသင်းတစ်ယောက် ဖျားနာပြီး ခင်ဗျားကတော့ ဘာမှ မဖြစ်ဘူး၊ ဒီဖြစ်ရပ်တွေဟာ အစီအစဉ်မဲ့ ကြုံသလိုဖြစ်နေတာလို့ ကျုပ်တို့ ထင်ကြတယ်၊ ဒါပေမဲ့ ဖြစ်ရပ်အားလုံးမှာ ဟန်ချက်ရှိတယ်၊ တစ်ဦးက ညှိုးခြောက်သွားတယ်၊ နောက်တစ်ဦးက ရှင်သန်လာတယ်၊ မွေးဖွားခြင်းနဲ့သေဆုံးခြင်းဟာ ဖြစ်စဉ်ကြီးတစ်ခုလုံးရဲ့ အစိတ်အပိုင်းတွေပဲ"

"ဒါကြောင့် ကျုပ်တို့ကလေးပေါက်စတွေနဲ့ အသုဘတွေကို...

mgyoe.com

mgyoe.com


စိတ် ဝင်စားကြတာပေါ့"

သူက အသုဘရှုသူများဘက် လှည့်ကြည့်သည်။

အက်ဒီလည်း အုတ်ဂူနားတွင် စုဝေးနေသူများအား ကြည့်လိုက်ပြန်၏။ သူ အတွေးကြွယ်မိသည်။ သူ့တုန်းက အသုဘမှ ချခဲ့ကြရဲ့လား။ သူ့အသုဘသို့ လာသူရော ရှိခဲ့ရဲ့လား။ ဘုန်းကြီးတစ်ပါး သမ္မာကျမ်းစာအုပ် ဖတ်နေတာနှင့် အသုဘရှုသူတွေ ဦးခေါင်းများငုံ့ထားကြသည်ကို သူ တွေ့ခဲ့၏။ သည်နေ့ကား ဦးလူပြာအား မြေမြှုပ်သင်္ဂြိုဟ်သည့်နေ့။ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ထိုနေ့က အက်ဒီလည်း အဲသည်နေရာသို့ ရောက်ခဲ့သည်။ ချာတိတ်ကလေးအဖြစ်ဖြင့်ပေါ့။ အသုဘ အခမ်းအနား မပြီးမချင်း တတွန့်တွန့် တလိမ်လိမ်ဖြင့်ပေါ့။ သည်ဇာတ်လမ်းတွင် သူ ဘယ်အပိုင်း ဘယ်ကဏ္ဍက ပါဝင်ကပြနေရသလဲဆိုတာကို စဉ်းငယ်မျှ မသိ။

"ကျွန်တော် ခုထိ နားမလည်နိုင်သေးဘူးခင်ဗျ"

အက်ဒီက တိုးတိတ်စွာ ပြောသည်။

"ခင်ဗျားသေရတဲ့အတွက် ဘာအကျိုးရှိလာမှာမို့လို့လဲ"

"ခင်ဗျားအသက်ရှင်ခဲ့တယ်လေ"

"ဒါပေမဲ့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက်... သိတောင်မှ မသိကြတဲ့ဟာကို၊ ကျွန်တော်ဟာ ခင်ဗျားအတွက် သူစိမ်းတစ်ရံဆံ ဖြစ်ချင်ဖြစ်နေမှာပေါ့"

ဦးလူပြာက အက်ဒီ့ပခုံးကို ဖက်လိုက်၏။ နွေးထွေးမှုတွေ ပျော်ဝင်လာသည်ကို အက်ဒီ ခံစားရသည်။

"သူစိမ်းတစ်ရံဆံဆိုတာ... ခင်ဗျား လတ်တလော မသိသေးပေမဲ့ ခင်ဗျားရဲ့ မိသားစု ဖြစ်လာမယ့်လူတွေလေဗျာ"

* * *

mgyoe.com

mgyoe.com


ထိုစကားပြောအပြီးတွင် ဦးလူပြာက အက်ဒီအား ရင်ချင်းအပ်ဆွဲပွေ့လိုက်သည်။ ရုတ်ခြည်းဆိုသလို ဦးလူပြာ သူ့ဘဝခံစားခဲ့ရသည့် ခံစားချက်တွေ အက်ဒ့်ရင်ထဲသို့ တစ်ဟုန်ထိုး တိုးဝင်လာသည်။ ပြီးတော့ သူ့ကိုယ်ထဲတွင် ကူးခတ်နေသည်။ အထီးကျန်ဝေဒနာတွေ။ ရှက်စိတ်တွေ။ ကြောက်စိတ်တွေ။ နှလုံးရောဂါဖောက်ခြင်း။ အံ့ဆွဲတစ်ခု... ဆွဲပိတ်လိုက်သလို ထိုခံစားချက်တွေ အက်ဒ့်ကိုယ်ထဲ လျှောဝင်ခိုတွယ်နေတော့၏ ။

"ကျုပ်သွားတော့မယ်"

ဦးလူပြာက အက်ဒ့်နားထဲသို့ တိုးတိုးကလေး ပြောသည်။

"ကောင်းကင်ဘုံရဲ့ ဒီအဆင့်မှာ ကျုပ်ကဏ္ဍက ပြီးသွားပြီ၊ ဒါပေမဲ့ ခင်ဗျားတွေ့ရမယ့် တခြားလူတွေ ရှိသေးသဗျ"

"နေပါဦး"

အက်ဒီက ဦးလူပြာကို ဆွဲထားပြီး တားသည်။

"ကျွန်တော့်ကို... တစ်ခုလောက်တော့ ပြောပြခဲ့ပါဦး၊ ကျွန်တော် ဟိုကလေးမကလေးကို ကယ်ဖြစ်ခဲ့သလား၊ အပန်းဖြေဥယျာဉ်မှာလေ၊ ကျွန်တော် သူ့ကို အသက်ကယ်လိုက်နိုင်ခဲ့ရဲ့လားဟင်"

ဦးလူပြာ မဖြေ။ အက်ဒီ ခွေကျသွားသည်။

"ဒါဆို ကျွန်တော်သေခဲ့ရတာ... ကျွန်တော့်ဘဝလိုပဲ အကျိုးမဲ့ အချည်းနှီးဖြစ်ခဲ့ရတာပေါ့"

"ဘယ်ဘဝမှ အကျိုးမဲ့ အချည်းနှီးမဖြစ်ဘူး၊ ကျုပ်တို့ အလဟဿ ဖြစ်တဲ့အချိန်ဟာ ကျုပ်တို့ဟာ... လောကမှာ အထီးတည်းပါလားလို့ တွေးနေတဲ့အချိန်တွေပဲ"

သင်္ချိုင်းအုတ်ဂူဘက်သို့ ခြေလှမ်းလိုက်သည်။ ပြီးတော့ ပြုံးသည်။ ထိုသို့ပြုံးနေရင်း သူ့အသားအရေသည် ကြည့်လို့အလှဆုံး ညို့

mgyoe.com

mgyoe.com


ဖျော့ဖျော့အရောင်သို့ ပြောင်းသွားသည်။ အသားအရေက... ကြည်စင် ချောမွတ်နေသည်။ မိမိတွေ့ဖူးသရွေ့ အသားအရေတွေထဲတွင်... ခြောက်ပြစ်အကင်းဆုံး အသားအရေပဲဟု အက်ဒီ တွေး၏။

"နေပါဦးဗျ"

အက်ဒီ ကျုံးအော်သည်။ သို့သော် သူ့ကို လေထဲသို့ ဆတ်ခနဲ ဆွဲတင်သွားခြင်းခံရသည်။ သုသာန်နှင့် ဝေးရာသို့။ မီးခိုးရောင်ပင်လယ် ပြင်ကျယ်ကြီး၏အထက်ဘက် ကောင်းကင်ယံသို့ မြောက်တက်သွား သည်။ သူ့အောက်ဘက်တွင် 'ရူဘီပိုင်ယာ' အဟောင်း၏ အဆောက် အအုံအမိုးတွေ တွေ့ရသည်။ ခေါင်ချွန်းချွန်းတွေ၊ ပြာအိုးတွေ၊ လေထဲ တွင် တဖျပ်ဖျပ်လွင့်ပျံနေသော အလံများကို တွေ့ရသည်။

ထို့နောက် ထိုမြင်ကွင်း ပျောက်သွားသည်။

□

mgyoe.com

.mgyoe.com

## တနင်္ဂနွေနေ့၊ ညနေ ၃ နာရီ

အပန်းဖြေဥယျာဉ်ထဲ ဖရက်ဒီရဟတ်ပျက်ကြီးပတ်လည်တွင် လူတွေ ဝိုင်းအုံကြည့်နေကြသည်။ အားလုံး ငြိမ်သက်စွာ၊ တိတ်ဆိတ်စွာ၊ အဘွားကြီးတွေက သူတို့လည်ချောင်းတွေကို လက်ဖြင့်ဖိထားကြသည်။ မိခင်များက သူတို့ကလေးများကို ဝေးရာသို့ ဆွဲသွားကြသည်။ တုတ်တုတ်ခိုင်ခိုင် ယောကျ်ားကြီးတွေ လူအုပ်ကြားထဲက တိုးပြီး ရှေ့သို့တိုးဝင်သွားကြသည်။ သည်ကိစ္စကို သူတို့သာ ကိုင်တွယ်ဖြေရှင်းနိုင်မည့်နှယ်။ သို့သော် ရှေ့တန်းသို့ရောက်သည်နှင့် သူတို့လည်း ကူကယ်ရာမဲ့စွာ ငေးကြည့်နေမိကြ၏။ နေပူရှိန်က ကြွပ်ရွနေသည်။ အရိပ်တွေ ပိုပြီး ပြတ်သားလာစေသည်။ ရှေ့တန်းရောက်ပုဂ္ဂိုလ်ကြီးတွေ မျက်စိကို လက်ဖြင့်ကာထားကြရသည်။ တစ်စုံတစ်ဦးအား အလေးပြုနေသည့်နှယ်။

*"အခြေအနေ တော်တော်ဆိုးသလား"* လူတွေ... တိုးတိုးတိတ်တိတ်မေးကြသည်။ လူအုပ်၏နောက်ဘက်ဆီမှ ဒိုမင်ဂက်ဇ် တိုးထွက်လာသည်။ မျက်နှာကြီး နီမြန်းလျက်။ ပြူပြင်ထိန်းသိမ်းရေးယူနီဖောင်းမှာ ချွေးတွေ ရွှဲနစ်လျက်။ အဖြစ်ဆိုးကို သူ တွေ့လိုက်ရ၏။

mgyoe.com

mgyoe.com


"အို... ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ အက်ဒီရယ်..."

ဒိုမင်ဂက်ဇ်က သူ့ဦးခေါင်းသူ လက်ဖြင့်ညှစ်ရင်း ငိုညည်းလိုက်၏။ လုံခြုံရေးအလုပ်သမားတွေ ရောက်လာသည်။ သူတို့က လူတွေကို နောက်ဘက်သို့ တွန်းထုတ်ကြသည်။ သို့သော် ထို့နောက်မှာတော့... သူတို့လည်း ကျောက်ရုပ်ကြီးတွေလို ဖြစ်သွားသည်။ လက်တွေကို ခါးတွေ ပေါ်မှာထောက်လျက်။ လူနာတင်ကားများရောက်အလာကို စောင့်မျှော်လျက်။ ပွဲကြည့်ပရိသတ်အားလုံး အမေတွေ၊ အဖေတွေ၊ အချိုရည်ခွက်ကြီးတွေနှင့် ကလေးတွေသည် သူတို့ရှေ့ကမြင်ကွင်းကို မကြည့်ဘဲလည်း မနေနိုင်။ ကြည့်လည်းမကြည့်ရက်ဖြစ်နေကြ၏။ အသံချဲ့စက်များက ပွဲတေးသံများ လွင့်ပျံလာသည်။ ထိုအချိန်တွင် သေခြင်းတရားက သူတို့ခြေအစုံများရှေ့မှောက်တွင် ရောက်ရှိနေလေသည်။

*အခြေအနေ တော်တော်ဆိုးသလား။* ဥသြဆွဲသံတွေ ပေါ်ထွက်လာသည်။ ယူနီဖောင်းဝတ်ယောက်ျားကြီးတွေ ရောက်လာသည်။ အခင်းဖြစ်ပွားသည့် နေရာပတ်လည်ကို ကြိုးဝါတားလိုက်ကြ၏။ ဈေးဆိုင်တန်းများက သူတို့၏ သံလိပ်တံခါးများကို ဆွဲပိတ်ကြ၏။ အပျော်စီးယာဉ်များကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြရသည်။ ဖြစ်ပျက်သွားသော အဖြစ်ဆိုးအကြောင်း သဲသောင်ခုံတစ်ခွင် တစ်ပြင်လုံး သတင်းပြန့်သွားသည်။ နေဝင်ဆည်းဆာအချိန်အရောက်တွင် ရူဘီပိုင်ယာအပန်းဖြေဥယျာဉ်တွင် ဧည့်သည်ရယ်လို့... မရှိတော့။ တိတ်ဆိတ်ခြောက်ကပ်နေတော့၏။

□

mgyoe.com